# PASTORAL ORIENTATION ON HUMAN TRAFFICKING

*"Isn't this surely the fast worth choosing:*
*releasing those unjustly bound,*
*undoing their heavy burdens?*
*letting the oppressed go free,*
*breaking every yoke?"*

- Isaiah 58

LANGUAGE: BURMESE

# လူကုန်ကူးမှုကို တိုက်ဖျက်ရေးအတွက်

# အသင်းတော်၏ သိုးထိန်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များ

(Pastoral Orientation On Human Trafficking)

'ငါနှစ်သက်သောအစာရှောင်ခြင်းဟူမူကား
မတရားသော အချည်အနှောင်ကို ချွတ်ခြင်း၊
လေးသောဝန်ကိုချခြင်း၊ ညှဉ်းဆဲခံရသူတို့ကိုလွှတ်ခြင်း၊
ထမ်းပိုးရှိသမျှကိုချိုးခြင်းမဟုတ်လော။ (ဟေရှာယ ၅၈း ၆)

ဆရာတော်၏ခွင့်ပြုအမိန့်

Published by
Migrant & Refugee Office of Vatican.
ဗာတီကန်မြို့တော်
ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများနှင့် ဒုက္ခသည်များရုံးတော်မှ ထုတ်ဝေပါသည်။

အသင်းတော်အတွင်း ကန့်သတ်

ဘုန်းတော်ကြီး ဖာသာဆူဆေး (မော်လမြိုင်) ဘာသာပြန်ဆိုပါသည်

မာတိကာ

နိဒါန်း (Preface)

မိတ်ဆက်စကား။ (Introduction) (1-8)

အဓိပ္ပာယ်ဖွင့်ဆိုခြင်း (Defination) (9-15)

ဖြစ်ရပ်များနှင့် လူတို့၏ကိုင်တွယ်ဖြေရှင်းမှုအတွက် ကြိုးပမ်းမှုများ။
(Reality & Responses) (၁၆)

I. လူကုန်ကူးမှုအကြောင်းကို နားလည် သဘောပေါက်မှုနှင့်
လူကုန်ကူးမှုကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ။
Understanding Human Trafficking: The Causes.

၁။ လူကုန်ကူးမှုကို အရောင်းအဝယ်ပစ္စည်း ပုံစံ သဘောထားရှိမှု နှင့် ခေါင်းပုံဖြတ်မှု။ (၁၇-၁၉)
Commodification & Exploitation

၂။ ဝယ်လိုအား ရှုထောင့်။ (The Demand)။ (၂၀-၂၂)

II. လူကုန်ကူးမှုဖြစ်ပေါ်နေကြောင်း အသိအမှတ်ပြုမှု၊
အရိပ်ထဲမှ ပေါ်ထွက်လာမှု။
(Acknowledging Human Trafficking:
Out of the Shadow)

၃။ လူကုန်ကူးမှု အမှန်တကယ်ဖြစ်ပေါ်နေမှုကို အသိအမှတ်ပြုရန် ဝန်လေးနေမှု။ (၂၃-၂၅)
(Reluctance to Acknowledge the dire reality of Human Trafficking.)

၄။ လူကုန်ကူးမှုဖြစ်ပေါ်နေမှုကို ဖော်ထုတ်မှုနှင့် သက်ဆိုင်ရာသို့အကြောင်းကြားမှု။ (၂၆-၂၈)
(Identifying & Reporting Human Trafficking.)

III. လူကုန်ကူးမှု၏နည်းဗျူဟာများ။ ညစ်ညမ်းသည့် ဒုစရိုက်လုပ်ငန်း၊
(The Dynamic of Human Trafficking; The Ugly evil Business)

၅။ လူကုန်ကူးမှုလုပ်ငန်း၏ အချိတ်အဆက်များ။ (၂၉-၃၁)
(The Business Connection)

၆။ အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ နှင့် ကုန်ကြမ်းရရှိမှု ကွင်းဆက်များ။ (၃၂-၃၄)
(Working Conditions and Supply Chain )

၇။ လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းနေထိုင်သူများကို နိုင်ငံတစ်ခုထဲသို့ခိုးသွင်းခြင်း။ (၃၅-၃၇)
(Human Trafficking & Migrant Smuggling )

IV. လူကုန်ကူးမှုတိုက်ဖျက်မှုနှင့် ကိုင်တွယ်ဖြေရှင်းမှုအတွက် ကြိုးပမ်းမှုများ။
ပိုမိုထိရောက်စွာ ကိုင်တွယ်နိုင်မည့် နည်းလမ်းများရှာဖွေခြင်း။
( Responding to Human Trafficking: Roon for Improvement)

၈။ ပူးပေါင်းလုပ်ကိုင်မှုကို အားပေးခြင်း။ (Bolstering Cooperation) (38-40)

၉။ လူကုန်ကူးမှုခံပြီး လွတ်မြောက်လာသူတို့အတွက် ထောက်ပံ့ကူညီခြင်း။ (၄၁-၄၃)
(Providing Support to Human Trafficking Survivors)

၁၀။ လူမှုအသိုင်းအဝိုင်းတွင် နေသားတကျ ပြန်လည်နေထိုင်ရန် ဝိုင်းဝန်းကူညီမှု။ (၄၄-၄၆)
(Promoting Reintegration)

နိဂုံးချုပ် အမှာစကား။ (Conclusion) (47)

ဆုတောင်းမေတ္တာ။

# နိဒါန်း (Preface)

ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်သည် လူဦးရေသန်းနှင့်ချီပြီး၊ လူကုန်ကူးခြင်း (Human Trafficking) နှင့် ကျေးကျွန်ပြုခြင်း (Enslavement) ခံနေကြရသော အမျိုးသား အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဆင်းရဲဒုက္ခခံရမှုအခြေအနေများကိုကြည့်ပြီး စိတ်ပူပန်လျက်၊ ယင်းကိစ္စသည် အလွန်တရာမှ အရေးတကြီးဖြေရှင်းရန် လိုအပ်သော ပြဿနာအဖြစ် အသိအမှတ်ပြုခဲ့သည်။ ဤသူတို့သည် မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်းလုံးမှ လူများအလယ်တွင် လူမဆန်သည့် ပြုကျင့်မှုများကိုခံရပြီး စွန့်ပစ်ထားသည့် အပယ်ခံလူသားများဖြစ်ကြသည်။ ရဟန်းမင်းကြီးအရှင်မြတ်၏အပြောအရ လူကုန်ကူးမှုသည် ရက်စက်လှသော ဒဏ်ခတ်ခံရမှု၊ ရွံရှာဖွယ် ကပ်ရောဂါတစ်မျိုးနှင့် မျက်မှောက်ခေတ်လူမှုရေး အဖွဲ့အစည်း၏ ခန္ဓာကိုယ်ပေါ်တွင် ပွင့်ဟနေသော ဒဏ်ရာကြီးဖြစ်နေပေသည်။

၂၀၁၅ ခုနှစ် စတင်ချိန်တွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်သည် ကမ္ဘာ့ ငြိမ်းချမ်းရေးနေ့ (ဇန်နာဝါရီလ ၁ ရက်နေ့) အတွက် နှစ်စဉ်ပေးပို့လေ့ရှိသည့် သဝဏ်လွှာတွင် လူကုန်ကူးမှုကို တိုက်ဖျက်ရေးလိုအပ်ကြောင်းကို အဓိကထား၍မြွက်ကြားတော်မူခဲ့သည်။ ကျွန်ုပ်တို့သည် လူမှုရေးအဖွဲ့အစည်းတစ်ခုအတိုင်းအတာနှင့် နိုင်ငံတစ်နိုင်ငံ၏ စွမ်းအားအတိုင်းအတာထက် ကျော်လွန်သည့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်တိုက်ခိုက်ရမည့် ကပ်ရောဂါကြီးနှင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ဤစိန်ခေါ်မှုနှင့် အင်အားညီမျှသော ရင်ဆိုင်တုန့်ပြန်မှုကြီးကို လိုအပ်နေကြပါသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ရဟန်းမင်းကြီးအရှင်မြတ်သည် နယူးယော့မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂ ဌာနချုပ်သို့ရောက်ရှိခဲ့စဉ်က မိန့်ခွန်းမြွက်ကြားရာတွင် လူကုန်ကူးမှု၊ လူ၏ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများကို ထုတ်ယူရောင်းစားမှု၊ အမျိုးသား အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာကိစ္စအတွက် အမြတ်ထုတ်မှုနှင့် ပြည့်တန်ဆာလုပ်ငန်းအပါအဝင် လူလူချင်းကျွန်အဖြစ်ရောင်းစားမှု စသည်တို့၏ဆိုးကျိုးအတွက် အစည်းအဝေးများတွင် အခမ်းအနားဖြင့် ကြေညာချက်များထုတ်ပြန်ရုံနှင့် မလုံလောက်ကြောင်း၊ ကျွန်ုပ်တို့၏ လူမှုရေးအဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့၏ ကြိုးပမ်းလုပ်ဆောင်မှုအားလုံးသည် ဤကပ်ဆိုးများကို တိုက်ဖျက်မှုတွင် အမှန်တကယ်ထိရောက်မှုရှိရန် အာမခံချက်ပေးသည့် လုပ်ဆောင်မှုများဖြစ်ရမည်ဟု မြွက်ကြားတော်မူခဲ့သည်။

လူကုန်ကူးမှုကို တိုက်ဖျက်မှုနှင့် ပတ်သက်သည့် အသင်းတော်၏သိုးထိန်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုစာဆောင် ထုတ်ပြန်ရာတွင် အဓိကရည်မှန်းထားသောအရာမှာ လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများကို ဖတ်ကြားပြီး၊ ယင်းနှင့်ပတ်သက်သည့် ကျောထောက်နောက်ခံ အကြောင်းရင်းများကို လေ့လာသိရှိကာ၊ ဤကပ်ဆိုးကြီးကို တွန်းလှန်ဖယ်ရှားမှုအတွက် ရေရှည်စီမံကိန်းများရေးဆွဲရန် ဖြစ်ပါသည်။

ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများ (Migrant) နှင့် ဒုက္ခသည်များ (Refugee) ကိစ္စ (MR) ကို ကိုင်တွယ်သည့် ဌာနသည် ၂၀၁၇ ခုစ် ဇန္နာဝါရီလ (၁) ရက်နေ့တွင် စတင်ပေါ်ပေါက်ခဲ့သည်။ ယင်းအခန်းကဏ္ဍကို

ရဟန်းမင်းကြီး ဖရန်စစ် အရှင်မြတ်ကိုယ်တိုင် စတင်တည်ထောင်ခဲ့ပြီး၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များနှင့်ဆိုင်သော ကိစ္စရပ်များအပြင် လူကုန်ကူးမှုကိစ္စရပ်များအတွက် လောလောဆယ်ဆယ် အချိန်ကာလတွင် အကျိုးဆောင်လုပ်ငန်းများကို ရဟန်းမင်းကြီး အရှင်မြတ်၏လမ်းညွှန်မှုအောက်တွင် လုပ်ကိုင်လျက်ရှိကြသည်။ ယင်းလုပ်ငန်း၏ ရည်မှန်းချက်ပန်းတိုင်မှာ ကက်သလစ်သာသနာတော်မှ ဆရာတော်ကြီးများနှင့် ဤထိရှလွယ်သည့် အဖွဲ့အစည်းများအတွက် အကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူ အားလုံးအတွက် အထောက်အကူပြုရန် ဖြစ်ပါသည်။

လူကုန်ကူးမှုနှင့် လူသားအချင်းချင်းကျွန်ပြုမှု စိန်ခေါ်ဆိုးကိုကိုင်တွယ်ဖြေရှင်းမှုအတွက် အဖြေရှာရန် ၂၀၁၈ ခုနှစ်တွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များနှင့်ဆိုင်သော ကိစ္စရပ်များကို ကိုင်တွယ်နေသော (MR) အဖွဲ့အစည်းသည် အသင်းတော်မှ ခေါင်းဆောင်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဤလုပ်ငန်းတွင် အတွေ့အကြုံရင့်ကျက်သူများနှင့် ဤအခန်းကဏ္ဍလုပ်ငန်းများအတွက် ထောက်ပံ့ကူညီပံ့ပိုးနေသော အဖွဲ့အစည်းဝင်များနှင့်အတူ ဆွေးနွေး တိုင်ပင်မှုအစည်းအဝေးများကို (၂) ကြိမ် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင်ပါဝင်သူများသည် မိမိတို့၏ အတွေ့အကြုံများကိုပြောပြကြပြီး၊ အမြင်းချင်းဖလှယ်ကြကာ၊ ဤကပ်ဆိုးကြီးကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများအနက် ရှုထောင့်အချို့နှင့်ပတ်သက်ပြီး အတွေ့အကြုံနှင့် အမြင်ဖလှယ်မှုကို ပြုလုပ်ခဲ့ကြပါသည်။ အသင်းတော်၏အပြည့်အဝကိုင်တွယ်လုပ်ကိုင်ဆောင်ရွက်မှုတွင် အားနဲချက် အားသာချက် နှင့် သိုးထိန်းလုပ်ငန်း ဆိုင်ရာ၊ နိုင်ငံရေးကဏ္ဍဆိုင်ရာ အခွင့်အလန်းများနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု စသည့် အကြောင်းအရာများကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

ဤကဲ့သို့ ၆ လကြာ ဆွေးနွေးတိုင်ပင်မှုများကို အကောင်းအထည်ဖော်ရင်း စမ်းသပ်လုပ်ကိုင်မှုများကြောင့် ရဟန်းမင်းကြီး အရှင်မြတ်ကိုယ်တိုင် အတည်ပြုပြီး၊ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများနှင့် ဒုက္ခသည်များကိစ္စကို ကိုင်တွယ်သည့် ဌာနနှင့် ကူညီဆောင်ရွက်သူ အလှူရှင်အဖွဲ့အစည်းများအတွက် လမ်းညွှန်မှုပေးမည့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် သိုးထိန်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များထွက်ပေါ်လာပါသည်။ ဤလမ်းညွှန်ချက်များကို ကက်သလစ်သာသနာမှ ဆရာတော်ကြီးတစ်ပိုင် သာသနာနယ်များ ကျောင်းထိုင်ဘုန်းတော်ကြီး၏ တိုက်နယ်များ၊ သီလရှင်အဖွဲ့အစည်းများ စာသင်ကျောင်းများနှင့် တက္ကသိုလ်ကျောင်းများမှ ကက်သလစ်ဘာသာဝင် အဖွဲ့အစည်းများအပြင်၊ နိုင်ငံတော်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အသုံးပြုလိုက်နာလိုသူအခြားအဖွဲ့အစည်း အားလုံး အသုံးပြုနိုင်မှုအတွက် ဖြစ်ပါသည်။ ထို့ပြင် ဤလမ်းညွှန်ချက်များကို နယ်မြေဒေသဆိုင်ရာ အစီအစဉ်များတွင် အကောင်အထည်ဖေါ်လုပ်ကိုင်နိုင်သည့်အပြင်၊ ဤလမ်းညွှန်ချက်ပါ အချက်အလက်များကို တရားဟောပြောမှု၊ ပညာပေး မှုသင်တန်းပို့ချမှုများနှင့် အသံလွှင့် မီဒီယာအစီအစဉ်များတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ပါသည်။

ဤလမ်းညွှန်ချက်စာစောင်ကို https://migrants-refugees.va/trafficking-slavery/ အင်တာနက်ဝက်ဆိုက်တွင် တွေ့ရှိနိုင်ပါသည်။

ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများနှင့် ဒုက္ခသည်များကိစ္စကို ကိုင်တွယ်သည့် (MR) ဌာနသည်

လူကုန်ကူးမှုအကြောင်း၊ ရဟန်းမင်းကြီးဖရန်စစ် အရှင်မြတ်၏သွန်သင်မှုတို့ကို ထောက်ရှုစဉ်းစားကြည့်ပြီး၊ ဆုတောင်းမေတ္တာပို့သပေးရင်း လူအားလုံးကို လူကုန်ကူးမှုမှ ကာကွယ်မှုနှင့် လူကုန်ကူးမှုသားကောင်ဖြစ်ပြီး လွတ်မြောက်လာသူတို့ကို ခံစားရသော ဝေဒနာများမှ ကုသပေးရမည့်နည်းလမ်းများအကြောင်းကို အလေးအနက်ထား၍ လေ့လာကြရန်၊ အခြားလူများအား ဤလုပ်ငန်းအကြောင်း ပြောပြရန်နှင့် ဤလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ကြရန် လူအားလုံးကို ဖိတ်ခေါ်လျက်ရှိပါသည်။

ဖားဘီယို ဘားဂျီယို နှင့် မိုင်ကယ်ဂျာနီ
(Fabio Baggio C.S and Michael Czerny S.J)
လက်ထောက်အတွင်းရေးမှူးများ။

# မိတ်ဆက်စကား (Introduction)

၁။ ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းၡရဟန်းမင်းကြီးဖရန်စစ်အရှင်မြတ်နှင့် ဖူးမျှော်တွေ့ဆုံရာတွင် လူကုန်ကူးမှု၏ သားကောင် ဖြစ်ခဲ့ဖူးပြီး လွတ်မြောက်လာသည့် အမျိုးသမီးငယ်တစ်ဦးက "ကျွန်မသည် ကျွန်မတို့ တိုင်း ပြည်မှာရှိသည့် ကျွန်မကဲ့သို့ လိမ်ညာသောကတိများဖြင့် လိမ်လည်ဖြားယောင်ခံရပြီး ကျွန်ဖြစ်မှု၊ အသုံးချခံရမှု၊ ပြည့်တန်ဆာဖြစ်မှုသို့ ရောက်ရှိနေသူ လူငယ်မောင်မယ်များကို သတိရနေပါတယ်။ ကျွန်မတို့အားလုံးဟာ ဒီလိုလှည့်ဖြားရောင်းစား ခံနေကြရတဲ့ လူငယ်တွေကို စိတ်ကူးယဉ်ဆန်မှုထောင်ချောက်နှင့် လူကုန်ကူးသူ (Human Trafficking) (HT) တို့လက်ထဲကျရောက်မှုမှ ကာကွယ်ရန် ဘာတွေလုပ်ကြမည်နည်း" ဟု ရင်ဖွင့် ပြောကြားခဲ့သည်။

၂။ ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်သည် သူမမေးခဲ့သော မေးခွန်းကို အလေးအနက်နှလုံးသွင်းခဲ့ပြီး၊ "သင် ပြောခဲ့သည့်အတိုင်း လူငယ်များ လူကုန်ကူးသူများ၏လက်ထဲသို့ မရောက်ရှိမှုအတွက် ယုံကြည်စိတ်ချရသည့် လုပ်ဆောင်မှုများကို လုပ်ကိုင်ရန် လိုအပ်နေပြီး" ဖြစ်ကြောင်းထောက်ခံပြောကြားခဲ့သည်။ လူကုန်ကူးခြင်း၏ သားကောင်ဖြစ်ကြရသော လူငယ်များစွာတို့သည် ပထမဦးစွာ မိမိတို့၏မိသားစုထံမှ စွန့်ပစ်ခြင်းခံရပြီး၊ လူ့အဖွဲ့အစည်းမှ ဝိုင်းပယ်ခံရသူများ ဟု ထင်မြင်ယူဆခံရသူများဖြစ်ကြသည်။ ထိုမှတစ်ဆင့် သူတို့၏ မိသားစုဝင်များ နှင့် သူတို့၏ မိတ်ဆွေအပေါင်းအသင်းများ၏ ပယောဂဖြင့် ကျွန်ရောင်းဝယ်ပြုသူများနှင့်မိတ်ဆက်ပေးခံရပြီး၊ ကျွန်အဖြစ် ရောင်းစားခံရသည်ဟု သိရှိရခြင်းမှာ အလွန်ပင်နာကျည်းဖွယ်ရာဖြစ်ပေသည်။ ကျမ်းစာထဲမှာပင် ဂျိုး ဇက်ကို သူ၏ညီအစ်ကိုများက ကျွန်အဖြစ် အီဂျစ်ပြည်သို့ ရောင်းချခဲ့ကြသည် မဟုတ်လော (ကမ္ဘာဦး ၃၇း၁၂-၃၆) အထက်ပါ အမျိုးသမီးငယ်၏ မေးခွန်းနှင့် ရဟန်းမင်းကြီးအရှင်မြတ်၏အဖြေသည် လူကုန်ကူးမှုကို တိုက်ဖျက်ရေး အတွက် သိုးထိန်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုစာအုပ်အတွက် ရည်မှန်းချက်နှင့် သဘောထားဆိုင်ရာအတွက် အနှစ် ချုပ်ဖြစ်ပါသည်။

၃။ "လူကုန်ကူးခြင်း (HT) မှာ ခေတ်သစ်လူ့ဘောင်အဖွဲ့အစည်း၏ခန္ဓာကိုယ်ပေါ်တွင် ဖွင့်ဟနေသော ဒဏ် ရာချက်ကြီးဖြစ်၍ သခင်ခရစ်တော်၏ ခန္ဓာတော်ပေါ်တွင် နာကျည်းဖွယ်ရာ ရိုက်နှက်ချက်ဖြစ်ပေသည်"။ ရဟန်း မင်းကြီးအရှင်မြတ်၏ (၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်) နေ့ မိန့်ခွန်းတွင် ဖော်ပြခဲ့သည့် ပြင်းပြင်းထန်ထန် ရှုတ်ချဝေဖန် အပြစ်တင်မှုသည် မျက်မှောက်ခေတ်သမိုင်းအတွက် မည်းကွက်ကြီးနှင့် ယနေ့တိုင်အောင် ရှက်စရာကောင်းပြီး ဝမ်းနည်းစွာတည်ရှိနေသေးသော ဖြစ်ရပ်ဆိုးကြီးကို ပြင်းပြင်းထန်ထန်သတိပေးလိုက်ခြင်းဖြစ်ပါသည်။

လူကုန်ကူးခြင်း (HT) သည် ကမ္ဘာအနှံ့ပြန့်ပွားနေ၍ ကမ္ဘာတစ်ဝန်းလုံးမှ လူသန်းပေါင်းများစွာကို ယင်းကပ်ဆိုးကြီး၏ သားကောင်းများဖြစ်စေပြီး၊ မျက်မှောက်ခေတ်တွင် စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အိမ်ဖော်လုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ဟော်တယ်ခရီးဧည့်ကြိုလုပ်ငန်းများႏွင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အထူးကျက် စားပြီး ကျယ်ကျယ်ပြန့်ပြန့် ဒုက္ခပေးလျက်ရှိနေပါသည်။

လူကုန်ကူးခြင်း (HT) သည် အခြေအနေအမျိုးမျိုးတွင် အသွင်အမျိုးမျိုးဖြင့် ဖြစ်ပေါ်လျက်ရှိပါသည်။ ယင်းတို့မှာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု၊ အတင်းအဓမ္မထိမ်းမြားပေးစားခြင်း၊ ကျေးကျွန်အဖြစ်ခိုင်းစားခြင်း၊ ကျွန်ခံခြင်း၊ အကြပ်ကိုင်၍သူတောင်းစားလုပ်ခိုင်းခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထုတ်ယူရောင်းစားခြင်း၊ မျိုးပွားမှု ဆိုင်ရာ၌ခေါင်းပုံဖြတ်ခြင်းနှင့် အခြားသော အနိုင်ကျင့်ခြင်းနှင့် လူ့အခွင့်အရေးကို မလေးစားဘဲ ချိုးဖောက်မှု အမျိုးမျိုးပါဝင်ကြသည်။

ဤအဖြစ်ဆိုးများမှာ ပုဂ္ဂလိက၊ စီးပွားရေးလုပ်ငန်းများတွင်သာမက၊ အများပိုင် အစိုးရပိုင် လုပ်ငန်းများတွင်လည်း အရှုံးစွဲနေသည်ကို တွေ့ရှိရသည်။ လူကုန်ကူးခြင်း (HT) သည် လူမှုအဖွဲ့အစည်း၏ အထိရှလွယ်သော အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ၊ အဆင်းရဲဆုံးသောသူများ၊ ဇနီးမောင်နှံ ကွဲနေသည့် မိသားစုများမှလာသောသူများနှင့် လူ့အဖွဲ့အစည်း၏ ခက်ထန်သောအခြေအနေမျိုးမှ လူများကို အထူးအမြတ်ထုတ်နေသည်။ လူကုန်ကူးခြင်း (HT) သည် အမျိုးသားအမျိုးသမီးများနှင့် လူငယ်မောင်မယ်များ၏ လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးကို ထိပါးစော်ကားနေသည့် ကြောက်စရာပြစ်မှုကြီးတစ်ရပ်ဖြစ်ပါသည်။

၄။ လူကုန်ကူးခြင်း (HT) သည် ပုံစံအသွင်အမျိုးမျိုးဆောင်၍ သားကောင်းခါးစားခံအကွဲကွဲအပြားပြားရှိပြီး ပြစ်မှုကျူးလွန်သူအမျိုးမျိုးရှိနေသောကြောင့် ဤပြဿနာကို ရှုပ်ထွေးပွေလီသော ပြဿနာအဖြစ် တွေ့ရှိရသည်။ ဤပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းလိုသူတို့သည် အတော်အတန် ကြီးမားသော စိန်ခေါ်မှုကြီးများနှင့် ရင်ဆိုင်ရပေမည်။ ဤပြဿနာသည် ရှုပ်ထွေးပွေလီသော ပြဿနာဖြစ်နေသောကြောင့် ရှုထောင့်မျိုးစုံမှ ကိုင်တွယ်ဖြေရှင်းရပေမည်။ ထိုကြောင့် ဆီလျော်သော ဖြေရှင်းမှုကိုမရရှိမီ လူကုန်ကူးမှုအကြောင်း၊ ယင်းကိုဖြစ်ပေါ်စေသည့် အကြောင်းရင်းများကိုသိရှိနားလည်ပြီး၊ လူကုန်ကူးမှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေမှုအခြေအနေနှင့် ပါဝင်ပတ်သက်နေသူများအကြောင်း၊ ကျူးလွန်သူများနှင့် ခါးစာခံသားကောင်းများနှင့် သိလျက်ဖြစ်စေ၊ မသိလျက်ဖြစ်စေ ကောင်းစားနေသူများအားလုံးကို ရှာဖွေဖေါ်ထုတ်ပေးရန် လိုအပ်သည်။

၅။ ခရစ်ယာန်ဘာသာဝင်တို့၏ မနုဿဗေဒ ရှုထောင့်မှကြည့်လျှင် လူအသက်ဆိုသည်မှာ သန္ဓေတည်စမှ သဘာဝအရသေဆုံးသွားချိန်အထိ မွန်မြတ်သန့်ရှင်းကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတိုင်းသည် လူတိုင်း၌မလွဲပြောင်း မယူပစ်နိုင်သည့် ဂုဏ်သိက္ခာရှိသည်ဟူသောအချက်ကိုအခြေခံပြီး စတင်လုပ်ကိုင်ကာ၊ ယင်းအချက်ကို အဓိက ဦးတည်ချက်အဖြစ်ထားရှိကာ လုပ်ကိုင်ကြရပေမည်။

ကျမ်းစာတော်မြတ်၏ သွန်သင်ချက်တွင် လူယောက်ျား လူမိန်းမအားလုံးသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကြောင့် ဖန်ဆင်းခြင်းခံကြရပြီး၊ သူတို့ကို ဘုရားသခင်၏ရွှေပုံသဏ္ဌာန်တော်အတိုင်း ဖန်ဆင်းခြင်းခံရကြောင်း (ကမ္ဘာဦး ၁း ၂၆) ဖော်ပြထားသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် လူ၏ဂုဏ်သိက္ခာသည် မည်မျှကြီးမားကြောင်း သိရှိနိုင်ပါသည်။ လူသည် အရာဝတ္ထု ပစ္စည်းတစ်ခုမဟုတ်ပါ၊ လူပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ လူတို့သည် မိမိကိုယ်ကိုသိနိုင်စွမ်း၊ ထိန်းချုပ်ပိုင်ဆိုင်နိုင်စွမ်းနှင့် အခြားလူများအတွက် မိမိကိုယ်ကိုလွတ်လပ်စွာပေးဆပ်မှုနှင့်

အခြားလူများနှင့် အပေါင်းအသင်းပြုလုပ်နိုင်သူများဖြစ်ကြသည်။

သူတော်စင် ရဟန်းမင်းကြီး စိန့်ဂျွန်ပေါလ်အရှင်မြတ်သည် ၁၉၈၈ ခုနှစ်၌ မြွက်ကြားတော်မူခဲ့သည့်အတိုင်း "လူတစ်ဦးတစ်ယောက်ကို ဘုရားသခင်၏ ပုံသဏ္ဌာန်တော်အတိုင်း ဖန်ဆင်းထားသည့် (ကမ္ဘာဦး ၁း၂၆) လူသားတစ်ဦးတွင်ရှိသည့် ဂုဏ်သိက္ခာကို အသိအမှတ်မပြုဘဲ ချစ်ခင်လေးစားမှုမပြနိုင်ပါက၊ လူသားတစ်ယောက်သည် လူ့ဂုဏ်သိက္ခာကျဆင်းသည့်အခြေအနေတွင် အသုံးချခံရမှု၊ ခေါင်းပုံဖြတ်မှုအောက်သို့ ရောက်ရှိသွားပြီး၊ အင်အားကြီးသူတို့၏ကျေးကျွန်ဘဝသို့ ကျရောက်သွားရလေသည်။

၆။ လူကုန်ကူးမှုကို တိုက်ဖျက်ရေးအတွက် သိုးထိန်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များသည် (The Pastoral Orientations) ခရစ်ယာန် (Church's) သာသနာတော်၏ထောက်ရှုချက်များသွန်သင်ချက်များနှင့် အတူ အမျိုးသမီးအမျိုးသားများ လူငယ်မောင်မယ်များဆိုင်ရာ လူကုန်ကူးခြင်းနှင့် ကျေးကျွန်ပြုခံရခြင်းများကို ကိုင်တွယ်ဖြေရှင်းသူများ၏ အတိတ်နှင့် ပစ္စုပ္ပန် အတွေ့အကြုံများအပေါ် အခြေခံထားပါသည်။

ဒုတိယဗာတီကန် အစည်းအဝေးတော်ကြီး (Vatican II) ကျင်းပစဉ်က အသင်းတော်မှ ဆရာတော်ကြီးများသည် ကျေးကျွန်စံနစ်မှစ၍ ပြည့်တန်ဆာလုပ်ငန်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို ရောင်းချခြင်းဆိုင်ရာ ကိစ္စများအကြောင်းကိုသာမက၊ လူများကို လွတ်လပ်စွာ တာဝန်ယူတတ်သည့် ပုဂ္ဂိုလ်များအဖြစ်တန်ဖိုးမထားဘဲ၊ ကုန်ထုတ်လုပ်မှု၌အကျိုးအမြတ် ပစ္စည်းများအဖြစ်သာ အသုံးချခံရသည့် လူ့ဂုဏ်သိက္ခာကျဆင်းသည့် အောက်ကျနောက်ကျ အခြေအနေတွင် အလုပ်လုပ်ကိုင်နေရမှုစသဖြင့် အသင်းတော်၏ ခေတ်အဆက်ဆက်တွင် လူတို့ကို အနိုင်အထက်ပြု၍ အလုပ်ခိုင်းခြင်း (Forced Labour) နှင့်စပ်လျဉ်း၍ အသင်းတော်၏စိုးရိမ်ကြောင့်ကျမှုကို မှတ်တမ်းတင်ခဲ့ကြသည် (Gaudium et Spes-27 )။

ယခုအချိန်၌ကက်သလစ်သာသနာတော်သည် လူကုန်ကူးခြင်းဆိုင်ရာ ကဏ္ဍတိုင်းကိုဝင်ရောက် တားဆီးလိုကြောင်း ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်ကမြွက်ကြားတော်မူသည်။ သာသနာတော်သည် လူကုန်ကူးမှုသားကောင်းများကို လှည့်ဖြားသွေးဆောင်မှု၊ မက်လုံးပေးပြီး အယုံသွင်းခေါ်ဆောင်သွားခြင်းများမှ ကာကွယ်ပေးလိုသည်။ အသင်းတော်သည် ရောင်းချခံရသူများနှင့် ကျွန်ပြုခံရသူတို့ကို လိုက်လံရှာဖွေ၍ သူတို့ကို လွတ်မြောက်စေလိုသည်။ ထို့ပြင် လူကုန်ကူးခြင်းသားကောင်း ဘဝမှ လွတ်မြောက်လာသူတို့အားလည်း လက်တွဲကူညီသွားပါမည်ဟု ရဟန်းမင်းကြီး ဖရန်စစ် အရှင်မြတ်က ပြောကြားခဲ့သည် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့)။

၇။ ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၏ လူကုန်ကူးမှု (HT) ဆိုင်ရာ ထပ်တစ်လဲလဲသွန်သင်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ ကက်သလစ်သာသနာမှ (NGO) အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတွင် နှစ်ရှည်လများလုပ်ကိုင်ရာမှရရှိသော အတွေ့အကြုံများနှင့် ဆရာတော်ကြီးများ၏ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏လေ့လာသုံးသပ်မှုများကိုကိုးကားလျက် ဤလူကုန်ကူးမှုကို တိုက်ဖျက်ရေးအတွက် သိုးထိန်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များသည် (The Pastoral Orientations) အခြေခံလျက်ရှိသည်။ ဤလမ်းညွှန်ချက်များသည် ရဟန်းမင်းကြီးအရှင်မြတ်၏အတည်ပြုခြင်းကို ရရှိထားသော်

လည်း လူကုန်ကူးမှု (HT) ဆိုင်ရာသာသနာတော်၏ သွန်သင်ချက်များကို အကုန်အစင် ဖော်ပြထားခြင်းဟူ၍ မဆိုလိုပါ။ ဤလမ်းညွှန်ချက်များသည် လူကုန်ကူးမှု (HT) တိုက်ဖျက်မှုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေကြသော ကက်သလစ်ဘာသာဝင်များနှင့် အခြားသောပုဂ္ဂိုလ်များအတွက် သိုးထိန်းလုပ်ငန်းလုပ်ကိုင်မှု၊ စီမံကိန်းရေးဆွဲမှု နှင့် လက်တွေ့အကောင်းအထည်ဖော်ရာ၌ဖြစ်စေ၊ ရှေ့နေရှေ့ရပ်ဦးဆောင်မှုနှင့် ဆွေးနွေးစကားပြောဆိုမှု၌ဖြစ်စေ၊ အထောက်အကူဖြစ်စေမည့် သော့ချက်များအဖြစ် ထောက်ရှုစဉ်းစားစရာအချက်များ ပါဝင်လျက်ရှိပါသည်။

၈။ လူကုန်ကူးမှု (HT) တိုက်ဖျက်မှုလုပ်ငန်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လက်ခံထားသည့် အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထောက်ရှုပြီးနောက်၊ ဤလူကုန်ကူးမှုကို တိုက်ဖျက်ရေးအတွက် သိုးထိန်းလုပ်ငန်း ဆိုင်ရာ လမ်းညွှန်ချက် (The Pastoral Orientations) စာအုပ်တွင် လူကုန်ကူးမှု (HT) ကပ်ဆိုးကြီး၏ ရက်စက်ကြမ်းကြုတ်မှုနှင့် စိန်ခေါ်မှုများကို အပိုင်း (၁၀) ပိုင်းခွဲ၍တင်ပြထားပါသည်။

ထိုနောက် ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းမှုအတွက် အသုံးပြုနိုင်မည့် နည်းလမ်းများစွာကို အကြံပြုထားပါ သည်။ အချို့အကြံပြုချက်များသည် မတရားမှုများနှင့် အတိဒုက္ခမှ လွတ်မြောက်လာပြီး ဘဝသစ်ထူထောင်သူများ အတွက် လိုက်နာရမည့်အဆင့်များဖြစ်ကြသည့် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် အားပေးတိုက်တွန်းလေ့ရှိသည့် လူအချင်းချင်း ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနေထိုင်သည့် ဓလေ့ထုံးစံ (The Culture of Encounter) ကို အသားပေးဖော်ပြထားကြပါသည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက် (Defination)

၉။ တိုင်းနိုင်ငံနယ်နိမိတ်များကိုကျော်လွန်၍ ပြစ်မှုကျူးလွန်သူပြစ်မှုဂိုဏ်းဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကွန်ဗင်းရှင်း သဘောတူညီချက်ကို ဖြည့်စွက်ပေးသည့် (Palermo Protocol) ပါလဲမိုမြို့ အစည်းအဝေးမှ ဥပဒေထုတ်ပြန်ချက်သည် (၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်) လူကုန်ကူးမှု (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ) ကို ကာကွယ်တားဆီး၊ တိုက်ဖျက်၊ အရေးယူ ဒဏ်ခတ်မှုကို ပြုလုပ်ရန် ဥပဒေပြဋ္ဌာန်းထားပါသည်။

(Palermo Protocol) ပါလဲမိုမြို့ အစည်းအဝေး မှထုတ်ပြန်သည့် ဥပဒေတွင် လူကုန်ကူးမှုကို အပြည်ပြည်ဆိုင်ရာ တရားဥပဒေအရ သဘောတူလက်ခံထားသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ပါလဲမို ဥပဒေ ပုဒ်မ ၃ အပိုဒ် (က) တွင် လူကုန်ကူးမှုဆိုသည်မှာ ခေါင်းပုံဖြတ် အမြတ်ထုတ်ရန်အတွက် ပုဂ္ဂိုလ်တစ်ယောက်၏သဘောတူညီမှုရယူရန် ခြိမ်းခြောက်မှု၊ အင်အားသုံးမှု၊ ဖိအားပေးမှု၊ ဖြားယောင်းခေါ်ဆောင်မှု၊ ပြန်ပေးဆွဲမှု၊ လိမ်လည်လှည့်ဖြားမှု၊ အာဏာအလွဲသုံးစားပြုမှု၊ အခြားလူ၏ပြော့ကွက်ကို ကိုယ်ကျိုးအတွက် အသုံးချမှု၊ ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း၊ လက်ခံခြင်းစသည့်နည်းလမ်းများဖြင့် လူများကို သိမ်းသွင်းခြင်း၊ သယ်ဆောင်ခြင်း၊ ရွှေပြောင်းခြင်း၊ ဝှက်ထားခြင်း သို့မဟုတ် လက်ခံထားခြင်းတို့ကို ဆိုလိုပါသည်။

ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း (Exploitation) ၌အနည်းဆုံး အောက်ပါအချက်များအကြုံးဝင်သည်။ ပြည့်တန်ဆာလုပ်ငန်း၊ သို့မဟုတ် လိင်ပိုင်းဆိုင်ရာလုပ်ငန်း၊ အတင်းအဓမ္မ အလုပ်စေခိုင်းခြင်း၊ ကျေးကျွန် သို့မဟုတ် ဆင်တူရှိုးမားလုပ်ငန်းများ၊ အစေခံရခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုထုတ်ယူခြင်း စသည်တို့ဖြစ်ကြသည်။

၁၀။ ပါလဲမိုမြို့ ဥပဒေအရ (၁၈ နှစ်အောက်) ကလေးသူငယ်များအား လူကုန်ကူးမှုကို အဓိပ္ပာယ်ဖွင့်ဆိုမှုကို ကွဲပြားစွာတွေ့ရှိရသည်။ ဤကိစ္စတွင် အင်အားသုံးမှု၊ လှည့်ဖြားမှု၊ သို့မဟုတ် အခြားသောဖိအားများ၊ အာဏာအခြေအနေ သို့မဟုတ် ထိပါးလွယ်သော အခြေအနေမျိုးတို့ကို အလွဲသုံးစားပြုမှုတို့ ရှိနေကြောင်း သက်သေပြရန် မလိုအပ်ပေ။ ကလေးသူငယ်တစ်ဦးကို လူကုန်ကူးလိုသည့် ရည်ရွယ်ချက်ဖြင့် သိမ်းသွင်းခြင်း သယ်ဆောင်ခြင်း ရွှေ့ပြောင်းခြင်း၊ ဝှက်ထားခြင်း၊ လက်ခံထားခြင်း တစ်ခုခုရှိလျှင် အရေးယူရန် လုံလောက်ပါသည်။

၁၁။ အပြည်ပြည်ဆိုင်ရာ သဘောတူထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်သော အချက်များသည် လူကုန်ကူးမှုပြစ်မှုအတွက် အရေးယူရမည့် နည်းဥပဒေဘောင်များကို ဖော်ဆောင်ပေးထားပါသည်။ တစ်ခုမှတ်ထားရမည်မှာ ပလဲမို ဥပဒေသည် တိုင်းနိုင်ငံနယ်နိမိတ်များကို ကျော်လွန်သည့် ဒုစရိုက်ဂိုဏ်းများကို အရေးယူသည့် ကွန်ဗင်းရှင်း ဥပဒေကို ဖြည့်စွက်ဥပဒေဖြစ်နေသဖြင့် သဘောသဘာဝအရ တိုင်းနိုင်ငံနယ်နိမိတ်များကို ကျော်လွန်သည့် အမှုများနှင့် ဒုစရိုက်ဂိုဏ်းများအတွက်သာအကျုံးဝင်သည်။ သို့သော်လည်း ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် လူကုန်ကူးမှု ပြစ်မှုကြီးနှင့်ပတ်သက်၍ အသုံးဝင်သည့် အနည်းဆုံးသတ်မှတ်ချက်နှင့် လူကုန်ကူးမှုကိုတိုက်ဖျက်မှုအတွက် အနာဂတ်ထောက်ရှုစရာများနှင့် လုပ်ဆောင်မှုများအတွက် စတင်ရမည့် ခြေလှမ်းကို ဖော်ပြထားပါသည်။

၁၂။ မျက်မှောက်ခေတ်ကာလတွင် ခေတ်သစ်ကျေးကျွန်စံနစ်ကို လူကုန်ကူးမှုနှင့် အဓိပ္ပာယ်ဆင်တူရှိမား ဖြစ်သည်ဟု ယူဆလျက် အသုံးပြုနေကြသည်။ လူကုန်ကူးခြင်းခံရသူတို့သည် အများအားဖြင့် ကျွန်ပြုခြင်း ခံသွား ကြသော်လည်း၊ လူကုန်ကူးမှုသည် ပိုမို အဓိပ္ပာယ်ဖော်ရန်ခက်ပြီး၊ ယေဘူယျအားဖြင့် ကျေးကျွန်စံနစ်ထက် ပိုမို ပြန့်နှံ့နေသည် (အထက်ပါ နံပတ် ၉ ကိုကြည့်ပါ)။ ခေတ်သစ် (Modern) ဟူသော နာမဝိသေသနကို တပ်ပေး လိုက်ခြင်းဖြင့် ယခုခေတ်ကျေးကျွန်ပြုခြင်းစံနစ်သည် အတိတ်ကပြုခဲ့သော ကျေးကျွန်စံနစ်နှင့်မတူသလို ထင်ယောင် ထင်မှား ဖြစ်စေပါသည်။ ကျေးကျွန်စံနစ်သည် မည်သည့်ခေတ်တွင်ဖြစ်စေ မည်သည့်ပုံစံဖြင့်ဖြစ်ပေါ်သည်ဖြစ်စေ၊ ခေတ်ကာလကြာညောင်းလာသောအခါ လူ့ဘဝတွင် ကြုံတွေ့ရသည့်ဖြစ်စဉ်တစ်ခုအဖြစ် လူတို့လက်ခံလာကြသော် လည်း ယင်းသည် လူမဆန်ဘဲ ရွံရှာဖွယ်ကောင်းသည့် အဖြစ်ဆိုးကြီးဖြစ်နေပါသည်။

၁၃။ နိုင်ငံအတွင်း ပြည်တွင်း၌ဖြစ်ပေါ်သော ပြစ်မှုများကို ပြည်ထဲရေးဌာန၏စီရင်လုပ်ပိုင်ခွင့်အတွင်း၌သာ ကိုင် တွယ်ဖြေရှင်းကြသဖြင့်၊ ပါလဲမိုဥပဒေ ပြဋ္ဌာန်းချက်များသည် တိုင်းပြည်နယ်နိမိတ်ကို ကျော်လွန်ပြီး ဖြစ်ပေါ်သည့် လူကုန်ကူးမှုများနှင့် လူဆိုးဂိုဏ်းများ၏ လုပ်ဆောင်ချက်များအပေါ်သာလျှင်အာရုံစိုက်လျက်ရှိသည်။ သို့သော် ဓါး စာခံများအတွက် အလားတူဆိုးကျိုးပေးပြီး၊ ရှုတ်ချဖွယ်ရာပြစ်မှုများမှာ တိုင်းပြည်အတွင်း၌လည်း ဖြစ်ပေါ်တတ်ပြီး၊ တစ်ခါတစ်ရံ လူဆိုးဂိုဏ်းများနှင့် မပတ်သက်သည့် ဆွေမျိုးသိကျွမ်းသူနှင့် မိတ်ဆွေအတုအယောင်များကြောင့်လည်း ဖြစ်ပေါ်တတ်ပါသည်။

အများအားဖြင့် ဤလူကုန်ကူးမှုကို တိုက်ဖျက်ရေးအတွက် သိုးထိန်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များသည် (The Pastoral Orientations) ပါလဲမိုဥပဒေ ပြဋ္ဌာန်းချက် (Palermo Protocol) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လက်ခံထားရင်း၊ ယင်း၏အခြေခံခံယူချက်ဖြစ်သည့် လူကုန်ကူးမှုဆိုသည်မှာ လူပုဂ္ဂိုလ်၏ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အတင်းအဓမ္မစေခိုင်းခြင်း၊ အလွဲသုံးစားပြုခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့သို့ ဦးတည်လျက်တွန်းပို့နေသည့် ရာဇဝတ်မှုနှင့် ကြီးလေးသောပြစ်မှားမှုဖြစ်ကြောင်းခံယူချက်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

၁၄။ လူကုန်ကူးမှု (Human Trafficking) (HT) နှင့် ရွှေ့ပြောင်းလာသူတို့ကို ခိုးသွင်းခြင်း (Migrant smuggling) တို့မှာ သီးခြားဖြစ်ရပ် ၂ ခုဖြစ်ပါသည်။ ရွှေ့ပြောင်းလာသူတို့ကို ခိုးသွင်းခြင်းဆိုရာ၌တိုင်းပြည်တစ်ခု၏ တိုင်းရင်းသားလည်းမဟုတ်၊ အမြဲနေထိုင်ခွင့်ရထားသူလည်းမဟုတ်သည့် တစ်ဦးတစ်ယောက်ကို အဆိုပါတိုင်းပြည်သို့ တရားမဝင် ဝင်ရောက်နေထိုင်စေရန် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ငွေကြေး သို့မဟုတ် အကျိုးအမြတ် တစ်ခုခုကို ရယူလို၍ ခိုးသွင်းမှုကို ရည်ညွှန်းပါသည်။

၁၅။ ပါလဲမိုဥပဒေ ပြဋ္ဌာန်းချက် (Palermo Protocol) မှ အဓိပ္ပာယ်ဖွင့်ဆိုမှုကို ထည့်တွက်ပြီး၊ လူကုန်ကူးမှု ကို ဆန့်ကျင်သူအဖွဲ့အစည်းတို့သည် မိမိတို့၏ အမြင်ဖလှယ်မှုနှင့် ပညာပေးသင်ကြားမှုအတွက် ပါလဲမို ပြဋ္ဌာန်းချက်မှ အရေးကြီးသောသော့ချက်များကို ဖြည့်စွက်၍ဖြစ်စေ၊ အသားပေး၍ဖြစ်စေ ဖော်ပြကြသည်။ ဤသို့ဖြင့် လူအများအတွက် လူကုန်ကူးမှု၏ အဓိပ္ပာယ်၊ ဆိုးကျိုးများနှင့် နောက်ဆက်တွဲအခြေအနေများကို သိရှိလာကြပါသည်။ လူကုန်ကူးမှုအကြောင်း နားလည်သဘောပေါက်မှုသည် ရပ်တန့်မနေဘဲ အစဉ်ရွေ့ရှားနေပါသည်။

## ဖြစ်ရပ်များနှင့် လူတို့၏ကိုင်တွယ်ဖြေရှင်းမှုအတွက် ကြိုးပမ်းမှုများ။
## (Reality & Responses)

၁၆။ အောက်တွင်ဖော်ပြထားသောအရာများမှာ မျက်မှောက်ခေတ် လူကုန်ကူးမှုနှင့် ပတ်သက်၍ လေ့လာသုန့်သပ်ချက် (၁၀) စုံကို ဖော်ပြထားသည်။ ယင်းတို့သည် လူကုန်ကူးမှု၏ ရက်စက်ကြမ်းကြုတ်သောအခြေအနေနှင့် စိန်ခေါ်မှုများကို ခွဲခြားစိတ်ဖြာ လေ့လာတင်ပြထားပြီး၊ စိတ်ကောင်းနှလုံးကောင်းရှိသော ပုဂ္ဂလိကများနှင့် အဖွဲ့အစည်းများက အရေးတကြီး ထောက်ရှုစဉ်းစားကြည့်ရန် ဖြေရှင်းချက်အချို့ကို တင်ပြထားပါသည်။ ဤအချက်များကို လူကုန်ကူးမှု ပပျောက်ရေးအတွက် မျက်မှောက်ခေတ် ကက်သလစ် သာသနာတော်၏ လူကုန်ကူးမှုအပေါ် ဝေဖန်သုန့်သပ်မှုနှင့် တိုက်ဖျက်မှုအတွက် ဆောင်ရွက်နေမှုများ အထူးသဖြင့် ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၏ မိန့်ခွန်းများကို မှီငြမ်းထားပါသည်။

သုန့်သပ်ချက် (၁၀) ခုကို ခေါင်းစဉ်ကြီး (၄) ခုအောက်မှာ ခွဲခြားဖော်ပြထားပါသည်။ သုန့်သပ်ချက်များကို လူကုန်ကူးမှု အဘယ်ကြောင့် ဖြစ်ပေါ်လာကြောင်းနှင့် (၂၁) ရာစုအထိ ကျေးကျွန် စံနစ်ဆိုးကြီးတည်တံ့နေရသည့် အကြောင်းရင်းတို့ကို ရှေးဦးစွာ ဖော်ပြထားပါသည်။ ထို့နောက် လူကုန်ကူးမှုသည် အဘယ်ကြောင့် မထင်မရှား ထိန်ဝှက်လျက်တည်ရှိနေကြောင်းကိုဖော်ပြထားပါသည်။ တတိယအနေဖြင့် လူကုန်ကူးမှု၏လုပ်ရှားမှု၏နည်းဗျူဟာများအကြောင်းဖော်ပြထားပါသည်။ နောက်ဆုံးအနေဖြင့် လူကုန်ကူးမှုကိုတိုက်ဖျက်ရန် မည်သို့ကိုင်တွယ်လုပ်ကိုင်နိုင်ကြောင်း၊ ပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် မည်ကဲ့သို့ဆောင်ရွက်သင့်ကြောင်းများကိုဖော်ပြထားပါသည်။

'ကျွန်ုပ်တို့၏ ကမ္ဘာပေါ်၌တွေ့ရှိရသော ပွင့်ဟနေသည့် ဒဏ်ရာဒဏ်ချက်ကြီးများတွင် ဒုက္ခအပေးဆုံးတစ်ခုမှာ ကျွန်ုပ်တို့ ညီအစ်ကိုမောင်နှမများ၏ ဘုရားပေးဂုဏ်သိက္ခာကိုဖျက်ဆီးနေသည့် လူကုန်ကူးခြင်း (ဝါ) ခေတ်သစ်ကျေးကျွန်စံနစ်ပင်ဖြစ်သည်'။ (ဒုတိယအကြိမ်မြောက် ရီနိတ် -Renate- ခေါ် ဥရောပနိုင်ငံများ အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၊ မြွက်ကြားခဲ့သည့် မိန့်ခွန်း၊ ၂၀၁၆ ခုစ် နိုဝင်ဘာလ ၇ ရက်နေ့)။

## I. လူကုန်ကူးမှုအကြောင်းကို နားလည် သဘောပေါက်မှုနှင့် လူကုန်ကူးမှုကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ။ Understanding Human Trafficking: The Causes.

### ၁။ လူကုန်ကူးမှုကို အရောင်းအဝယ်ပစ္စည်း ပုံစံ သဘောထားရှိမှု နှင့် ခေါင်းပုံဖြတ်မှု။ Commodification & Exploitation

၁၇။ လူကုန်ကူးမှုသည် မိမိ၏ဓါးစာခံများကို ထိန်းချုပ်ထားကာ၊ သူတို့ကို အရောင်းအဝယ်ပစ္စည်း သဘောထားရှိနိုင်မည့် ဈေးကွက်နေရာနှင့် အခြေအနေမျိုးသို့ ပို့ဆောင်ထားကာ၊ သူတို့သည် မစဉ်းစားနိုင်လောက်သည့် နည်းလမ်းမျိုးစုံဖြင့် အလုပ်သမားများအဖြစ်သော်လည်းကောင်း၊ ကုန်ကြမ်းပစ္စည်းအဖြစ်သော်လည်းကောင်း၊ ဝယ်ယူရောင်းချ ခေါင်းပုံဖြတ်ခံကြရသည်။

> 'ကမ္ဘာလောက၏ နေရာများစွာတို့တွင် အတောမသတ်နိုင်သည့် အခြေခံ လူ့အခွင့်အရေးချိုးဖောက်မှုကြီးများ၊ အထူးသဖြင့် အသက်ရှင်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့်တို့ကို စော်ကားနေကြခြင်းများကို တွေ့ရှိရသည်။ လူကုန်ကူးမှုမှာ လူ့ဘောင်ကို မတည်ငြိမ်စေသည့် အဖြစ်ဆိုးကြီး တစ်ခုဖြစ်သည် (ရဟန်းမင်းကြီးဖရန်စစ် အရှင်မြတ်၏၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းရာနေ့အတွက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပေးပို့သော သဝဏ်လွှာ)။

မကြာသေးမီ အချိန်ကာလအထိ အထက်ပါပြုမူမှုများသည် ကိုလိုနီစံနစ်နှင့် ကျေးကျွန်ရောင်းဝယ်မှုစံနစ်နှင့် ဆက်နွယ်နေခဲ့သည်။ လူကိုကျေးကျွန်အဖြစ်ရောင်းဝယ်မှုစံနစ်ကို တရားဝင်ဖျက်သိမ်းခဲ့သော်လည်း၊ လူသားအချို့ကို အခြားလူသားအချို့က ခေါင်းပုံဖြတ်နေခြင်းစံနစ်ကို အဆုံးမသတ်သည့်အပြင်၊ လက်ရှိ သစ်ဆန်းသော ကြောက်မက်ဖွယ်ရာ နည်းလမ်းသစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေမှုကိုတွေ့ရှိရသည်။ ဤအရာများကိုကြည့်ခြင်းဖြင့် လူတို့အလယ်တွင် လူလူချင်းကို အရောင်းအဝယ်ပစ္စည်းကဲ့သို့ သဘောထားခြင်း လူအချင်းချင်းကို တန်းတူသဘောမထားဘဲ မတူမတန်ဆက်ဆံခြင်းစသည်တို့ကိုပြည်တွင်းပြည်ပနေရာတိုင်းတွင်ဖြစ်ပေါ်စေသည့် ကိုယ်ကျင့်တရားပျက်ပြားသည့် လူမှုရေး၊ သရုပ်ပျက်ယဉ်ကျေးမှု စီးပွားရေးစံနစ်ဆိုးများနှင့် ဆက်နွယ်နေသည့် အပြုအမူများဖြစ်ပေါ်နေကြောင်း ဖော်ပြလျက်ရှိသည်။ တိုက်ဆိုင်မှုအရဖော်ပြရလျှင် ကျွန်ုပ်တို့၏ခေတ်ကာလ အချိန်သမယသည် အခြားလူများကို အတ္တဆန်သည့် ကိုယ်ကျိုးအတွက် အသုံးချမှု မှန်ဘီလူးဖြင့်ကြည့်ကာ၊ မိမိအတွက် သက်တောင့်သက်သာနေရမှု၊ မိမိအတွက် အကျိုးအမြတ်ရရှိမှု စံနှုန်းအတိုင်းအတာဖြင့် အခြားလူများကို တန်ဖိုးမထားသည့် တစ်သီးပုဂ္ဂလနှင့် တစ်ကိုယ်ကောင်းဆန်မှု စိတ်ဓါတ် ကြီးထွားလာနေကြောင်းကို တွေ့ရှိရသည်။

'မိမိကိုယ်ကို အလွန်အမင်း အထင်ကြီးသည့် (Narcissism) အတ္တစိတ်ကြောင့် လူတို့သည် အခြားလူတို့ကို

မိမိကိုယ်ကို ကျော်လွန်၍ဖြစ်စေ၊ မိမိ၏လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ကျော်လွန်၍ဖြစ်စေ လုံ့ဝ မမြင်နိုင်ကြတော့ပါ' (ရဟန်းမင်းကြီးဖရန်စစ်အရှင်မြတ် ၂၀၁၆ မတ်လ ၁၉ ရက်နေ့တွင်ထုတ်ပြန်သည့် မိသားစုချစ်ခင်မှု စာချွန်တော်)။

အခြားလူများအပေါ် ခေါင်းပုံဖြတ်ခြင်းကို ဈေးကွက်စီးပွားရေး၌ ကျင့်သုံးနေကြသည့်ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့အတွက် ကုန်ကျစရိတ်နည်းနိုင်သမျှနည်းရန် အပူတပြင်း ပြိုင်ဆိုင်နေကြသည့် ဝေါဟာရများကို အသုံးပြုထားကြသော်လည်း လူတို့သည် မူမမှန်သည့်အလုပ်ကို မိမိတို့၏ တစ်ကိုယ်ရည်ပျော်ရွှင်မှုနှင့် အကျိုးအမြတ်အတွက် တိတ်တစ်ဆိတ်လက်ခံထားကြပါသည်။ လူကုန်ကူးမှုသည် လူနည်းစုတစ်စု၏အကျိုးအမြတ်အတွက် လူအများ၏သီခြားအရည်အသွေးနှင့် ဂုဏ်သိက္ခာတို့ကို ဆုံးရှုံးစေ၍ လူကို အရောင်းအဝယ်ပစ္စည်းဖြစ်စေကြပါသည်။

"နှစ်စဉ်နှစ်တိုင်း ထောင်သောင်းမကသော အပြစ်ကင်းမဲ့သည့် အမျိုးသမီး၊ အမျိုးသားများနှင့် ကလေးသူငယ်များသည်ခေါင်းပုံဖြတ် အမြတ်ထုတ်သည့်လုပ်ငန်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူ ရောင်းစားခြင်းတို့၏ သားကောင်များဖြစ်နေရခြင်းကို ကျွန်ုပ်တို့သည် ယဉ်ပါးနေပြီးဖြစ်သဖြင့် ပုံ မှန်ဖြစ်စဉ်အနေဖြင့်သာ မြင်တွေ့နေကြပါသည်။ ဤလုပ်ငန်းသည် ရှက်ချရမည့်လုပ်ငန်းဖြစ်သည်၊ ဤလုပ်ငန်းသည် ရက်စက်ကြမ်းကြုတ် သောလုပ်ငန်းဖြစ်ပြီး၊ ရာဇဝတ်မှုလည်းဖြစ်သည်။ ကျွန်ုပ်အနေဖြင့် ဤခေတ်သစ်ကျေးကျွန်စံနစ်၊ ဤရွံရှာဖွယ်ရာ ကူးစက်ရောဂါကြီးကို ခုခံတိုက်ဖျက်ရန် လူတိုင်း၏ တာဝန်ဖြစ်ကြောင်း သတိပေးလိုပါသည်"။ (ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၏ တနင်္ဂနွေနေ့ မွန်းတည့်မေတ္တာဆိုစဉ် ဘုရားဖူးသူတော်စင်များအား မြွက်ကြားသည့် မိန့်ခွန်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့)။

လူသားမိသားစု တစ်ရပ်လုံးသည် လူကုန်ကူးမှုအဖြစ်ဆိုးကြီးကို ခြေမှုန်းဖျက်စီးပစ်လိုလျှင်၊ လူအဖွဲ့အစည်း တစ်ခုလုံးသည် ပြောင်းလဲရမည်။ လူကုန်ကူးမှုကို အဆုံးသတ်ရန် လူတိုင်းသည် မိမိတို့၏ လိုအပ်ချက်များ ဝါသနာများ၊ အာသီသ ဆန္ဒများကို ထိန်းချုပ်ရမည်။ ရိုးစင်းစွာနှင့် အရာရာကို ချင့်ချိန်၍နေတတ်ခြင်း၊ မိမိကိုယ်ကို စည်းကမ်းထားခြင်းအပြင် ငြိုးငြင်ခွေ့တာခြင်းတို့သည် နေ့စဉ်ကျင့်သုံးရမည့် ကျင့်စဉ်များဖြစ်လာရမည် သို့မဟုတ်ပါက လူအားလုံးသည် အဆင်အချင်ကင်းမဲ့သူ လူနည်းစုကြောင့် ဆိုးကျိုးများကို ခံရကြရမည်။ ထိုပြင်၊ ဤအချက်သည် သူတစ်ပါးအပေါ် အနိုင်ကျင့် စိုးမိုးမှုလမ်းစဉ်နှင့် မိမိ၏ပျော်ရွှင်မှုသက်သက်အတွက် ဖိမ်ခံပစ္စည်းများကို စုပုံထားမှုကိုလည်း ရှောင်ကြဉ်ရမည်ဟု ရည်ညွှန်းထားပါသည်။

၁၈။ ခေတ်သစ်လူ့အဖွဲ့အစည်းများကို အကောင်းအထည်ဖော်ပုံသွင်းပေးနေသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအစဉ်အလာများကို ကိုယ်ကျင့်တရားဆိုင်ရာကျင့်ဝတ်များဖြင့် ပြင်းပြင်းထန်ထန်စီစစ်ပေးသင့်သည်။

လူ့ဂုဏ်သိက္ခာကိုထိန်းသိမ်းကာကွယ်မှုအတွက် အထူးသဖြင့် လူတို့၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလန်းများကိုဖွင့်ပေးပြီး မိသားစုကိုအကျိုးပေးသည့် စီးပွားရေးမူဝါဒများကို အကောင်းအထည်ဖော် ပေးခြင်းတို့သည် အလွန်အရေးကြီးပါသည်။

ကက်သလစ်သာသနာတော်၏ လူမှုရေး ဆိုင်ရာသွန်သင်ချက်များသည် လူတို့အား ထူးထူးခြားခြား အကျိုးပြုလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတွင် လူကိုဘုရားသခင်၏ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းထားခြင်း (ကမ္ဘာဦး ၁း ၂၇) အပေါ်အခြေခံထားခြင်းကြောင့် လူတို့အတွက် မထိပါးနိုင်သည့် လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ သဘာဝတရားနိယာမများ၏ထူးကဲသာလွန် သည့်တန်ဖိုးများကိုဖြစ်ပေါ်စေသည်ဟု ရဟန်းမင်းကြီး ဘေနေဒစ် (၁၆) အရှင်မြတ် မြွက်ကြားတော်မူခဲ့သည်။ စီးပွားရေးလောက၏ကျင့်ဝတ်သည် အထက်ပါမဏ္ဍိုင်ကြီး ၂-ခုမှ သွေဖယ်သွားလျှင်၊ ယင်း၏သီးခြားသဘာဝကို ဆုံးရှုံးသွားပြီး၊ နည်းမျိုးစုံမှ ခေါင်းပုံဖြတ်သည့် သားကောင်ဖြစ်သွားပေမည်။ တည်ရှိဆဲစီးပွားရေးနှင့် ငွေကြေးစံနစ်များ၏ မှားယွင်းစွာလည်ပတ်နေမှုတို့ကို ပြုပြင်ပေးရမည့်အစား ယင်းစံနစ်၏ ကျေးကျွန်များအဖြစ်သို့ ရောက်ရှိသွားမည့် အန္တရာယ်နှင့် ကြုံရတတ်သည်။ (ရဟန်းမင်းကြီး ဘေနေဒစ်-၁၆ အရှင်မြတ်၏ (Caritas in veritate) အချစ်စစ်အချစ်မှန် စာချွန်တော် ၂၀၀၉ ခုစ် ဇွန်လ ၂၉ ရက်နေ့)။

လူတိုင်းလူတိုင်း၏ အပြစ်ကင်းစွာနေထိုင်မှုကို ရာကြံပြီး၊ ယင်းကိုမြင့်တင်ပေးရမည်။ ကက်သလစ်ဘာသာ၏ သွန်သင်မှုများတွင် လူကုန်ကူးမှုကို တန်ပြန်သည့် မူဝါဒများနှင့် လုပ်ဆောင်ချက်များတွင် လူပုဂ္ဂိုလ်အားလုံး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကိုရည်မှန်း၍ လူပုဂ္ဂိုလ်ကို ဗဟိုပြုသည့်ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရှုထောင့်အပေါ်မှီငြမ်းနေကြောင်း ထင်ရှားလျက်ရှိသည်။ ကမ္ဘာ့စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အခွင့်အလန်းများကိုမြင့်တင်ပေးနေသော ပုဂ္ဂိုလ်တိုင်း အထူးသဖြင့် အစိုးရအဖွဲ့များကို ကျွန်ုပ်သတိပေးလိုသည်မှာ အဓိကကာကွယ်၍တန်ဖိုးထားရမည့် ရတနာမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရမည့် လူပုဂ္ဂိုလ်ဖြစ်သည်။ လူသာလျှင် လူမှုစီးပွားရေး သက်တာအားလုံး၏အရင်းအမြစ်၊ အာရုံစိုက်ရာနှင့် ဦးတည်ချက်ဖြစ်သည်။ မည်သည့်စီးပွားရေးနှင့် နိုင်ငံရေးလုပ်ဆောင်မှုမျှ လူကိုဗဟိုမပြုဘဲ မလုပ်ကိုင်နိုင်ပေ။ နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ ဦးတည်ချက်မှာ လူ၏ဂုဏ်သိက္ခာနှင့် အခြေခံလူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှု ဖြစ်ရပေမည်။

> "စီးပွားရေးလွတ်လပ်မှုသည် လက်တွေ့ကျသော လူ၏လွတ်လပ်မှုနှင့် သူ၏ရပိုင်ခွင့်ဖြစ်သည့် လူ့အခွင့်အရေးများကို မလွှမ်းမိုးစေရဘဲ၊ ဈေးကွက်စီးပွားရေးကိုလည်း မပြောင်းလဲနိုင်သည့် တရားသေအဖြစ်ထား၍မဖြစ်သဖြင့် ယင်းကို တရားမျှတမှု၏တောင်းတိုချက်များကိုလည်း လေးစားလက်ခံရမည်"။ (ရဟန်းမင်းကြီး ဖရန်စစ် အရှင်မြတ်၊ အီတလီနိုင်ငံမှ စက်ရုံအဖွဲ့အစည်းများထံ မြွက်ကြားသည်မိန့်ခွန်း ၂၀၁၆ ဖေဖော်ဝါရီလ ၂၇ ရက်နေ့)။

၁၉။ ရဟန်းမင်းကြီးဖရန်စစ်အရှင်မြတ်မှ ထပ်တစ်လဲလဲ ရှုတ်ချ၍ ငွေကို ဘုရားကဲ့သို့ ကိုးကွယ်မှုနှင့် ဆက်စပ်ဖော်ပြလေ့ရှိသည့် ခပ်ပေါပေါ သုံးဖြုန်းလွင့်ပစ်လေ့ရှိသည့် (Throw away culture) အလေ့အထမှ ဖြစ်ပေါ်လာသည့်

လူကို ရောင်းဝယ်ရမည့်ကုန်ပစ္စည်း အဆင့်တွင်ထား၍ ခေါင်းပုံဖြတ်မှုကိုရှုတ်ချရန် ကက်သလစ်သာသနာတော်သည် ကမ္ဘာတစ်ဝန်းလုံးတွင် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

> "စီးပွားရေးစံနစ်တစ်ခုအတွက် လူကို ဗဟိုအချက်အချာအဖြစ်မထားဘဲ၊ ငွေကိုဘုရားအဖြစ်ကိုးကွယ်မှုကို ထားရှိသောအခါ ဤကဲ့သို့ဖြစ်ပေါ်ရသည်။ လူမှုရေးနှင့် စီးပွားရေးစံနစ်တိုင်းအတွက် ဘုရားသခင်၏ ပုံသဏ္ဍာန် တော်အတိုင်းဖန်ဆင်းထား၍ စကြဝဠာ တစ်ခုလုံးကို စိုးမိုးရန် ဖန်ဆင်းထားသည့် လူပုဂ္ဂိုလ်ကို ဗဟိုအချက်အချာ၌ ထားရှိရမည်။ လူကိုဘေးဖယ်ထားပြီး၊ အသပြာကိုကိုးကွယ်ပါက တန်ဖိုးထားရမည့် အရာဟူသမျှသည် ပြောင်းပြန်ဖြစ် သွားလိမ့်မည်။ (ကမ္ဘာ့ ထင်ပေါ်ကျော်ကြားသူများ၏ လှုပ်ရှားမှု အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့် မိန့်ခွန်း ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့)။

ကက်သလစ်ခရစ်ယာန်ဘာသာဝင် အဖွဲ့အစည်းများသည် ဘုရားသခင်ကို အံတုသည့် အသပြာကိုးကွယ်မှုကို ရှုတ်ချရုံမက သူတို့သည် လူတိုင်း၏ဘက်စုံဖွံ့ဖြိုးမှုပန်းတိုင်သို့ ဦးတည်လျက် ထိရောက်သည့် အပြောင်းအလဲများကို ဒေသခံအဆင့်၌ လူမှုအဖွဲ့အစည်းတွင် လှုံ့ဆော်ပေးသည့် တဆေး (yeast) ကဲ့သို့လှုပ်ရှားပေးရမည်။ လူကုန်ကူးမှု တိုက်ဖျက်မှုတွင် အစုရှယ်ယာပါဝင်သူ အဖွဲ့အစည်းဝင်များသည် (Stakeholders) အတူတကွ အကျိုးအမြတ်ကို ပါဝင်ခံစားခြင်းကို အားပေးသည့် စီးပွားရေးစံနစ် (Economy of Communion) ကို ဖွဲ့စည်းပေးခြင်းဖြင့် ဤအရာများကို ဆောင်ရွက်ပေးနိုင်ကြသည်။

> "သင်တို့သည် အကျိုးအမြတ်များစွာကို ဝေငှပေးခြင်းဖြင့် ရုပ်တုကိုးကွယ်သကဲ့သို့ အသပြာကိုးကွယ်ခြင်းကို တိုက်ဖျက်နိုင်သည်။ ဓါးစာခံဒုက္ခသည်များနှင့် စွန့်ပယ်ခံရသူများ ဖြစ်ပေါ်လာမှုကို တားဆီးနိုင်ရန် သင်တို့သည် လူမှုဖွဲ့စည်းပုံများကို ပြောင်းလဲပေးနိုင်ကြသည်။ သင်တို့၏ တဆေးကဲ့သို့ ဖောင်းကြွသည့် အသပြာမုန့်ကို ပိုမို စွန့်ကြဲခြင်း အားဖြင့် အများစားသုံးရမည့် အဟာရမုန့်ကို ဖောင်းကြွစေနိုင်ပါသည်။ မဟုတ်ဘူး (No) ဟူ၍ငြင်းဆိုသည့် သတ် ဖြတ်နေသော စီးပွားရေးစံနစ်အစား အသက်ရှင်စေသော ဟုတ်ကဲ့ (Yes) ဟူသောစီးပွားရေးစံနစ်ဖြစ်လာပါစေ။ အကြောင်းမူကား ဤသို့သော စီးပွားရေးစံနစ်သည်သာလျှင် သူတစ်ပါးအားဝေငှပေးခြင်း ဆင်းရဲသားများကို ပါဝင်စေခြင်းနှင့် အမြတ်အစွန်းကို စည်းလုံးညီညွတ် သောလူအဖွဲ့အစည်း တည်ဆောက်မှုအတွက် အသုံးပြုနိုင်ပါသည်"။ (ဖော်ကူလားရေလှုပ်ရှားမှုမှ ကြီးမှူးကျင်းပသည့် စည်းလုံးညီညွတ်သော စီပွားရေးအဖွဲ့အစည်း၏ အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မြွက်ကြားခဲ့သည့် မိန့်ခွန်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့)။

## ၂။ ဝယ်လိုအား ရှုထောင့်။ (The Demand)။

၂၀။ အများပြည်သူတို့၏ ပြောဆိုဆွေးနွေးမှုများတွင် လူကုန်ကူးမှု၏ ရှုထောင့်တစ်ခုဖြစ်သည့် ရောင်းစားမှုကို ဖြည့်စည်းပေးမှု အပိုင်းကိုသာ အာရုံစိုက်လျက်ရှိကြသော်လည်း၊ လူကုန်ကူးသူ အနည်းအကျဉ်းသာ ဖမ်းစီးခံရပြီး၊ တရားစီရင်ချက်ချခြင်းခံရသူတို့မှာ ပို၍ပင်နည်းပါးကြသည်။ သို့သော် လူကုန်ကူးနေသူတို့၏ တစ်ခြားတစ်ဖက်တွင် ဤဝန်ဆောင်ပေးမှုကို လိုအပ်တောင်းခံနေကြသော (Demand) ဝယ်လိုသူလူစုအကြောင်းကို အနည်းအကျဉ်းသာပြောဆိုနေကြသည်။ လူကုန်ကူးမှုလုပ်ငန်းကြီး ရေပန်းစားနေသော ကဏ္ဍအမျိုးမျိုး (စိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ဖော်လုပ်ငန်း၊ ပြည့်တန်ဆာလုပ်ငန်း၊ စသည့်အလုပ်များ) တွင် ခါးစာခံ ခေါင်းပုံဖြတ် ခံရသူတို့၏ ရင်နာဖွယ်ဖြစ်စဉ်များကို အမှုမဲ့ အမှတ်မဲ့ သတိမထားဘဲနေကြသော ဝယ်ယူအသုံးချအားပေးနေသူများ (Consumers) မှာ အုပ်စုကြီးဖြစ်နေပါသည်။ သို့သော်သူတို့သည် လူကုန်ကူးခံရသူတို့ထံမှ ရရှိသော လုပ်အားနှင့် အကျိုးအမြတ်ကို ခံစားသူများဖြစ်ကြသည်။ ဤကဲ့သို့ ယောကျာ်း၊ မိန်းမ ကလေး လူငယ်မရွေး ကုန်ကူးမှုခံနေကြပါလျှင် ဤဖြစ်ရပ်သည် နောက်ဆုံး၌ ဝယ်ယူလက်ခံ အသုံးချနေသော တောင်းဆိုမှုကြီးကြောင့်သာ ဖြစ်ပေါ်နေပါသည်။

> "လူကုန်ကူးမှု၏ ခါးစာခံအမျိုးသမီးငယ်များစွာတို့သည် ကျွန်ုပ်တို့၏မြို့ကြီးပြကြီးတို့၏ လမ်းပေါ်သို့ရောက်ရှိကြခြင်းမှာ ဘာကြောင့်လဲဟု မေးမြန်းကြည့်ပါက၊ ဤယုတ်မာသော ဝန်ဆောင်မှုမှ ပေးလာသော ပျော်မွေ့ခြင်းကို အဖိုးအခပေး၍ လိုလားတမ်းတကြသည့် လူကြီး၊ လူလတ်နှင့် လူငယ်များစွာတို့ကြောင့် ဖြစ်ပေသည်။ ထိုကြောင့် လူကုန်ကူးမှု၏အဓိကတရားခံမှာ လူကုန်ကူးနေသော သူများသာလျှင်ဖြစ်သလောဟု ကျွန်ုပ်မေးခွန်းထုတ်လိုပါသည်။ လူကုန်ကူးမှု၏အဓိကတရားခံမှာ တစ်ကိုယ်ကောင်းဆန်ပြီး ဩတ္တပ္ပစိတ်ကင်းမဲ့သည့် (လိပ်ပြာသန့်သန့်နေထိုင်မှုကို ဂရုမစိုက်ကြသည့်) ဤလောကတွင်နေထိုင်ကြသည့် လူကောင်းယောင်ဆောင် (Hypocrites) သူများဖြစ်ကြသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ အမှန်မှာ တရားမျှတမှု၏တောင်းဆိုချက်အရ လူကုန်ကူးသူများကို ဖမ်းစီးအရေးယူရန် ဝတ္တရားရှိပါသည်။ သို့သော် အမှန်တကယ် ပြဿနာကို ဖြေရှင်းမှုမှာ လူတို့၏စိတ်နှလုံးနှင့် ကိုယ်ကျင့်တရားကို ကောင်းမွန်လာရန် ပြုပြင်ပြောင်းလဲစေခြင်းဖြင့် လူကုန်ကူးမှုအတွက် စီးပွားရေးတောင်းဆိုမှုကို ဖယ်ရှားပေးလျက်၊ လူကုန်ကူးမှုဈေးကွက်ကို ပျက်ပြားစေခြင်း ဖြစ်ပါသည်။" (လူကုန်ကူးမှု တိုက်ဖျက်မှုအတွက် ဆုတောင်းရာနေ့တွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မြွက်ကြားခဲ့သည့်မိန့်ခွန်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့)။

လူကုန်ကူးမှုလုပ်ငန်းကို လည်ပတ်စေရန် တွန်းအားပေးသူအားလုံးတို့သည် သူတို့၏အပြုအမူကြောင့် အခြားလူများ ဘဝပျက်ကြသည့်အတွက်၊ ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးထားမှုများကိုပျက်ပြားစေကြသည့်အတွက် ယင်းလုပ်ငန်းမှ ဝန်ဆောင်မှုကို တောင်းဆိုနေကြသည့် လူအားလုံးသည် အပြစ်မကင်းကြပေ။

၂၁။ လူကုန်ကူးမှုလုပ်ငန်းကို လည်ပတ်ရန် တွန်းအားပေးနေမှုများကို လျော့ချပစ်ရန် လူစုဆောင်းပေးမှုမှစ၍ လူကုန်ကူးသူနှင့် လက်ခံသူ၊ ဝယ်ယူသူ၊ အသုံးချသူ စသဖြင့် ခေါင်းပုံဖြတ်မှုကွင်းဆက်တွင် ပါဝင်သူ အားလုံးကို တာဝန်ယူစေခြင်း၊ တရားစွဲဆိုခြင်း၊ အပြစ်ဒဏ်ပေးခြင်းကိုပြုလုပ်ရန် လိုအပ်ပါသည်။

> "ကျွန်ုပ်တို့သည် ဂရုမစိုက်ဘဲ နေ၍မဖြစ်ပါ။ ကျွန်ုပ်တို့သည် ဟန်ဆောင်မှုအားလုံးကိုချွတ်ခွာပြီး၊ ကျွန်ုပ်တို့နှင့် ပါဝင်ပတ်သက်မှုမကင်းသည့် အခြေအနေမှန်ကို ရင်ဆိုင်ဖြေရှင်းပေးရန် ဘုရားသခင်မှ ဖိတ်ခေါ်နေပါသည်။ ပြ ဿနာက ဟိုဘက်ခြံ ဟိုဘက်လမ်းကမဟုတ်ဘဲ ကျွန်ုပ်တို့နှင့်လည်း ပတ်သက်နေပါသည်။ ကျွန်ုပ်တို့သည် အခြား တစ်ဘက်ကိုလှည့်ကြည့်ပြီး၊ မိမိက အပြစ်ကင်းသလို၊ မသိသလို ပြော၍မဖြစ်ပါ။" (နိုင်ငံတကာမှ မျက်မှောက်ခေတ် ကျွန်ကုန်ကူးမှုတို တိုက်ဖျက်သူတို့၏အစည်းအဝေးသို့ ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မှ ပေးပို့သော သဝဏ်လွှာ၊ ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့)။

ချုပ်နှောင်ခံနေရသော ခေါင်းပုံဖြတ်အနိုင်ကျင့် ခံနေရသော လူတို့ကို အပြစ်ပေးဒဏ်ခတ်ခြင်းမှာ ပြဿနာကို ထိရောက်စွာဖြေရှင်းပေးခြင်းမဟုတ်ပါ။ ယင်းသို့ပြုလုပ်ခြင်းသည် ဓါးစာခံများကိုသာ အပြစ်ဖို့ပြီး၊ ဒဏ်ခတ်နေခြင်းဖြစ်သည်။ ဤသို့ပြုလုပ်မည့်အစား၊ လူကုန်ကူးမှုဆိုင်ရာ ဝန်ဆောင်မှုများကို လက်ခံနေသည့် ဈေးကွက်ကြီးကို ဖော်ထုတ်ပေးရမည်။ လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကိုရောင်းဝယ်ဖြန့်ဝေကြသည့် လိင်ကိစ္စနှင့်ပတ်သက်သည့် စာနယ်ဇင်းများ၊ အင်တာနက် အခြေပြု အွန်လိုင်းဆိုင်ရာ လိင်လုပ်ငန်း၊ ဖော်ချွတ် ကပြသည့်ကလပ်များ၊ တဏှာယာဂစိတ်ကို ဆွပေးသည့် အကများစသည့်အမျိုးမျိုးသော လိင်နှင့် ပတ်သက်သည့်ဝန်ဆောင်မှုများမှာ လူ့ဂုဏ်သိက္ခာကို ကြီးလေးစွာပြစ်မှား၍ လူပုဂ္ဂိုလ်၏ လိင်ပိုင်းဆိုင်ရာကို စော်ကားနေခြင်းများဖြစ်ကြပါသည်။ တိုင်းပြည်အစိုးရများသည် လူကုန်ကူးမှုခံနေကြရသော လူများကိုအသုံးပြု၍ ပြည့်တန်ဆာလုပ်ငန်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာကိစ္စဖြင့် အသုံးပြု ခေါင်းပုံဖြတ်နေသူ အမြတ်ထုတ်နေသူအားလုံးကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ် အရေးယူမှုအတွက် စဉ်းစားသင့်မည်။ လူကုန်ကူးမှုမှတစ်ဆင့် လွယ်လင့်တကူဖြစ်လာသော အတင်းအဓမ္မ အိမ်ထောင်ပြုစေခြင်း၊ ကျေးကျွန်ဖြစ်စေခြင်း၊ တောင်းရမ်းစားစေခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထုတ်ယူရောင်းစားခြင်းနှင့် မျိုးပွားမှုဆိုင်ရာအမှု၌ ချယ်လှယ်အနိုင်ကျင့်မှု စသည် ခေါင်းပုံဖြတ်သူ အားလုံးတို့၏ကွင်းဆက်မှ လူအားလုံးကို ဤပြဿနာအားလုံးအတွက် တာဝန်ယူစေရမည်။ လူကုန်ကူးမှုကို ဝယ်ယူအားပေးထောက်ခံသည့် အသွင်အပြင်ရှိသည့် ဝယ်လိုအားများကို အများသိရှိစေရန် ပညာပေးအစီအစဉ်များနှင့် တာဝန်ရှိသူများကို ဖော်ထုတ်ပေးသည့်အစီအစဉ်များကို ပြည်တွင်း ပြည်ပဆိုင်ရာ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လက်တွဲလျက် ဆောင်ရွက်သင့်သည်။

> 'ကမ္ဘာကြီးသည် အရာရာကို မိမိနှင့်မပတ်သက်သလိုနေထိုင်မှုကို ရှောင်ရှားလျက် လက်တွေ့ကျသော ပါဝင်ပတ်သက်မှု၊ စုစည်းရပ်တည်မှု (Solidarity) ကိုလိုအပ်လျက်ရှိသည်။

(ဂရုဏာရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မြွက်ကြားခဲ့သည်မိန့်ခွန်း ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့။

၂၂။ ပြည့်တန်ဆာမတစ်ဦးထံမှ လိင်ဝန်ဆောင်ပေးမှုကိုလက်ခံခြင်းသည် အချစ်နှင့် လုံးဝမသက်ဆိုင်ပါ။ အမှန်မှာ ယင်းသည် လူ့ဂုဏ်သိက္ခာကို အကြီးအကျယ် စော်ကား ပြစ်မှားမှုကြီးသာဖြစ်သည်။

"ပြည့်တန်ဆာလုပ်ငန်းမှာ (Prostitution) အမျိုးသမီးတစ်ဦးကို ညည်းပန်းနှိပ်စက်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဝေါဟာရများကြောင့် မရှုတ်ထွေးသင့်ပါ။ ဤအပြုအမူသည် ရာဇဝတ်မှု၊ ဦးနှောက်မမှန်သည့် စိတ်ရောဂါတစ်မျိုးဖြစ်သည်ဟုဆိုရပေမည်။ ကျွန်ုပ်အနေဖြင့် ဤပြစ်မှုကိုကျူးလွန်နေကြသည့် ကက်သလစ်ဘာသာဝင်များအတွက် သင်တို့လူအဖွဲ့ အစည်းများရှေ့တွင် တောင်းပန်လိုပါသည်" (လူငယ်များနှင့်ဆိုင်သည့် ဆရာတော်ကြီးများ၏ ဆီးနေ့ဒ်အစည်းအဝေးမတိုင်မီ ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့်မိန့်ခွန်း၊ ၂၀၁၈ ခုနှစ် မတ်လ ၁၉ ရက်နေ့)။

ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်သည် နိုင်ဂျီးရီးယားပြည်မှ လူကုန်ကူးမှု၏သားကောင်းဖြစ်ခဲ့ပြီး လွတ်မြောက်လာခဲ့သည့် လူငယ်တစ်ဦးအားပြောကြားသကဲ့သို့ ခရစ်ယာန်ဘာသာဝင်အသိုင်းအဝိုင်းတွင် လူတို့၏စိတ်နှလုံးနှင့် ကိုယ်ကျင့်တရားကို ပြုပြင်ပြောင်းလဲခြင်းကိုလိုအပ်လျက်ရှိသည်။ ခရစ်ယာန်ဘာသာဝင်တိုင်းသည် လူကုန်ကူးမှု ကွင်းဆက်ကိုဆက်လက်ရှင်သန်စေသည့် လိုအပ်တောင်းဆိုမှုများကို အစွမ်းကုန်တိုက်ဖျက်ပစ်မှုအတွက် ကြိုးပမ်းရန် ဘုရားသခင်ထံမှ ဖိတ်ခေါ်ခြင်းခံကြရပါသည်။ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းခံကြရသူများကို အမှန်တကယ် မျက်နှာချင်းဆိုင်တွေ့ဖူးကြသလော၊ ဤရင်နာဖွယ်ဖြစ်စဉ်များကို ရုပ်ရှင်အစီအစဉ်တွင်သာတွေ့ရှိပါက ယင်းကို ဖြေဖျော်မှုတစ်ခုအဖြစ်သာ ထင်မြင်သူများရှိကြပေမည်။ဤမေးခွန်းကို အနားယူသွားသော ရဟန်းမင်းကြီး ဘေနေဒစ် (၁၆) အရှင်မြတ်က မေးမြန်းမှုသည် ကက်သလစ်ဘာသာဝင်အားလုံးအတွက် လူကုန်ကူးသည့် ဝန်ဆောင်မှုကို လက်ခံနေသူတို့၏ ကိုယ်ကျင့်တရားနှင့် နိုင်ငံတော်၏တာဝန်ယူဆောင်ရွက်မှုကို သိရှိနားလည်ကြစေရန် အသနားခံမှုဖြစ်ပေသည်။

## II. လူကုန်ကူးမှုဖြစ်ပေါ်နေကြောင်း အသိအမှတ်ပြုမှု၊ အရိပ်ထဲမှ ပေါ်ထွက်လာမှု။
## (Acknowledging Human Trafficking: Out of the Shadow)

### ၃။ လူကုန်ကူးမှု အမှန်တကယ်ဖြစ်ပေါ်နေမှုကို အသိအမှတ်ပြုရန် ဝန်လေးနေမှု။
### (Reluctance to acknowledge the Dire Reality of Human Trafficking)

၂၃။ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည် (NGO) အဖွဲ့အစည်းများသည် လူကုန်ကူးမှုကို ထင်ထင်ရှားရှား တိုက်ဖျက်နေပြီး၊ ပညာပေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေကြသော်လည်း၊ လူကုန်ကူးမှု၏သဘောသဘာဝ နှင့် လူကုန်ကူးမှုမည်မျှပြန့်နှံ့နေကြောင်း မသိသေးသူ များစွာရှိနေကြပါသည်။

> "လူကုန်ကူးမှုအကြောင်း မသိသေးသူများစွာရှိကြပါသည်။ သို့သော် တစ်ခါတစ်ရံ လူကုန်ကူးမှု အတိုင်းအတာကို နားလည်သဘောပေါက်ရန် စိတ်ဝင်စားမှု နည်းပါးလျက်ရှိကြသည်။ အဘယ်ကြောင့်နည်းဆိုသော်။ ယင်းသည် ကျွန်ုပ်တို့၏ ဩတ္တပ္ပတ်စိတ် (လိပ်ပြာသန့်မှု) ကို ထိပါးလျက်ရှိသည်။ ယင်းသည် ဆူးငြောင်းခလုပ်ဆန်သောကိစ္စ ဖြစ်သည်။ ယင်းသည် ရှက်စရာကောင်းသော ကိစ္စဖြစ်သည်။ ထို့ပြင် လူအချို့သည် ဤအကြောင်းအရာများကို သိရှိကြသော်လည်း၊ လမ်းပေါ်တွင်ဖြစ်စေ၊ အင်တာနက်ဖြစ်စေ ရရှိသည့် ဝန်ဆောင်မှုကို လက်ခံအသုံးပြုသူများ ဖြစ်ကြပြီး လူကုန်ကူးမှုကွင်းဆက်၏အဆုံးတွင် ပါဝင်နေကြသဖြင့် ဤအကြောင်းအရာများကို မပြောလိုကြပေ။" (လူကုန်ကူးမှုတိုက်ဖျက်မှုအတွက် ဆုတောင်းရာနေ့တွင် ပါဝင်သူတို့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့်မိန့်ခွန်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့)။

လူကုန်ကူးမှုခံရသူတို့သည် လူမြင်ကွင်းမှ ကွယ်ပျောက်လျက်ရှိကြသည်။ လူကုန်ကူးမှုသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လျက်ရှိကြောင်း အလွယ်တကူမသိနိုင်၊ အကဲမခတ်နိုင်ဖြစ်နေပေမည်။ လူအများပိုင်းသည် လူကုန်ကူးမှုသည် ဝေးလံသည့် အခြားနေရာများတွင်သာ ဖြစ်ပေါ်နေသည်ဟုပြောဆိုကြပြီး စိတ်မကောင်းဖြစ်ကြလျက် မိမိတို့ပတ်ဝန်းကျင်နှင့် အင်တာနက်တို့တွင် ဖြစ်ပေါ်လျက်ရှိကြောင်း သတိမထားကြပေ။

> "ပြောင်းရွှေ့လာသူကလေးသူငယ်များနှင့် သူတို့၏မိသားစုဝင်များ၊ လူကုန်ကူးမှုကွင်းဆက်၏သားကောင်များ၊ စစ်ကြောင့်၊ သဘာဝဘေးဒဏ်ကြောင့်၊ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများကို အထူး ဂရုစိုက်သင့်သည်။ သူတို့အားလုံးသည် သူတို့၏အားကိုးရာမဲ့ အခြေအနေကိုဆိုးရွားစေသည့် ကျွန်ုပ်တို့ဘက်မှ လူကုန်ကူးမှု လုပ်ငန်းကို သက်တောင့်သက်သာစွာဖြင့် တိတ်တစ်ဆိတ်ပါဝင်လက်ခံထားမှု

အုတ်တံတိုင်းကို သတ္တိရှိရှိ ဖြိုဖျက်ပစ်မှုကို မျှော်လင့်လျက်နေကြသည်။ သူတို့သည် ကျွန်ုပ်တို့ဘက်မှ သူတို့အပေါ် စိုးရိမ်ပူပန်မှု၊ ကြင်နာမှုပြလျက် သူတို့အတွက် အားတက်သရောကူညီဆောင်ရွက်ပေးမှုကို စောင့်မျှော်နေကြပါသည်။ (နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူ များအတွက် ဗာတီကန်နှင့် မက်စီကိုနိုင်ငံတို့ ဒုတိယူအကြိမ် ပြုလုပ်သည့် အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မြွက်ကြားခဲ့သည့် မိန့်ခွန်း။ ၂၀၁၈ ခုနှစ် ဇွန်လ ၁၄ ရက်နေ့)။

ဝမ်းနဲစရာကောင်းသည်မှာ လူကုန်ကူးခံရသူတို့သည် စိတ်ဓါတ်စစ်ဆင်မှုဖြင့် ကိုင်တွယ်ခြင်းခံပြီး၊ ထောင်ချောက်တွင် မိနေသလိုဖြစ်နေကြသည်။ ယင်းအခြေအနေတွင် သူတို့သည် လက်လွတ်ထွက်ပြေးရန်၊ အကူအညီတောင်းရန်နှင့် မိမိတို့ကိုယ်တိုင် ရာဇဝတ်မှု ကျူးလွန်သူတို့၏ သားကောင်ဖြစ်နေမှုကိုပင် ရှင်းလင်းစွာ နားလည်သဘောပေါက်နိုင်စွမ်းမရှိကြပေ။

"အင်တာနက် အစီအစဉ်အချို့မှ ဝါဒဖြန့်မှုနှင့် ကြော်ငြာအချို့တွင် ဖုံးကွယ်နေသည့် စွန့်စားမှု အန္တရာယ်ကို လျော့တွက်၍မရပါ။ အင်တာနက်အစီအစဉ်ကြောင့် လူငယ်များစွာတို့သည် မိမိတို့၏စွမ်းအားသက်သက်ဖြင့် မလွတ်မြောက်နိုင်သည့် ကျေးကျွန်ဘဝထဲသို့ မြူဆွယ်ပြီး ဆွဲဆောင်ခြင်းခံခဲ့ကြရသည်။ (လူကုန်ကူးမှုတိုက်ဖျက်မှုအတွက် ဆုတောင်းရာနေ့တွင် ပါဝင်သူတို့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့်မိန့်ခွန်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့)။

ထို့ပြင် ရှေ့တန်းတွင် လူကုန်ကူးမှုကို တိုက်ဖျက်ရမည့် တရားဥပဒေစိုးမိုးမှုအတွက် လုပ်ကိုင်နေကြသူများ၊ တရားစီရင်သူများ၊ တရားရေးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းအများပိုင်းသည် လူကုန်ကူးမှုခံရသူများကို ရှာဖွေဖော်ထုတ်ရန်နှင့် ကိုင်တွယ်ရန် လိုအပ်သော ထိရောက်စွာကိုင်တွယ်တတ်မှု၊ ခွဲခြားတတ်မှု၊ အကင်းပါးပြီး လူအကဲခတ်တော်မှု စသည်တို့အတွက် လုံလောက်သည့် သင်တန်းများကို တက်ထားမှုမရှိကြပေ။

၂၄။ တိုင်းပြည်တစ်ခု၏နယ်စပ်ဒေသတွင် လူကုန်ကူးမဖြစ်ပေါ်နေပါက လူကုန်ကူးမှုခံရသူတို့၏ မွေးရပ်ဌာနီ၊ ရောက်ရှိနေသည့်ကြားစခန်းနှင့် သူတို့ကိုပို့ဆောင်ပေးမည့်နေရာမှလူတို့သည် လူကုန်ကူးမှုဖြစ်နေသည့်အကြောင်းကို တိတိကျကျသိရှိထားသင့်မည်။ သိသင့်သိထိုက်သည့် အချက်အလက်များတွင် လူကုန်ကူးမှုကိုတားဆီးခြင်း၊ ဖော်ထုတ်ပေးခြင်း၊ တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊ စွန့်စားမှုများ၊ လူကုန်ကူးမှုဖြစ်နေသည့် ဒေသ၏ပတ်ဝန်းကျင်အခြေအနေနှင့် နောက်ဆက်တွဲဖြစ်စဉ်များ၊ လူကုန်ကူးမှုနှင့် ပတ်သက်သည့် နိုင်ငံတော်ဥပဒေနှင့် နိုင်ငံတကာဥပဒေများကို သိရှိထားရမည်။ လူမှုအဖွဲ့အစည်း အုပ်စုများကိုလည်း လူကုန်ကူးမှုနှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်မှု၊ တားဆီးမှု၊ အရေးယူဆောင်ရွက်မှုများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မှုနှင့် ပူးပေါင်းတိုက်ဖျက်မှုတို့အတွက် လူမှုအဖွဲ့အစည်းများတွင် အထူးသင်တန်းများကို ပေးသင့်သည်။

“မကြာသေးမှီ နှစ်များအတွင်က ရဟန်းမင်းကြီး၏ရုံးတော်သည် လူကုန်ကူးမှု ကပ်ဆိုးကြီးကို အဆုံးသတ်မှု အတွက် နိုင်ငံတကာအဖွဲ့အစည်းများအား အချင်းချင်းလက်တွဲ၍ ပူးပေါင်းလုပ်ကိုင်ကြရန် အကြိမ်ကြိမ် အသနားခံခဲ့ပါသည်။ လူကုန်ကူးမှု ကပ်ဆိုးကြီးကို အာရုံစိုက်ကြရန် အစည်းအဝေးများကိုလည်း အကြိမ်ကြိမ် ခေါ်ယူကျင်းပခဲ့ကြပါသည်။ ဤကဲ့သို့ကြိုးပမ်းဆောင်ရွက်မှုများကို လာမည့်နှစ်များတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင် ကြမည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ (ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းရာနေ့ - ၂၀၁၅- ခုနှစ် ဇန်နဝါရီလ -၁- ရက်နေ့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့သည့် သဝဏ်လွှာ)။

ဤကဲ့သို့သော လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပညာပေး အစီအစဉ်များတွင် လူကုန်ကူးခံရသူ ဓါးစာခံများ ကိုလည်း အဆင်ပြေသလို ထည့်သွင်းပါဝင်စေသင့်သည်။

“လူကုန်ကူးခံခဲ့ပြီး လွတ်မြောက်လာသူ ဓါးစာခံများတို့သည် ဓါးစာခံအသစ်များကိုကာကွယ်မှုအတွက် တိုင်းဆ၍မရနိုင်သည့် စွမ်းအားများဖြစ်ကြသည်။ သူတို့သည် လူငယ်များစွာကို လူကုန်ကူးမှုမှ ကာကွယ်မှုအတွက် သတင်းအချက်အလက်များရရှိမှုအတွက် အလွန်အရေးပါသူများဖြစ်ကြသည်။ (လူကုန်ကူးမှုတိုက်ဖျက်မှုအတွက် ဆုတောင်းရာနေ့တွင် ပါဝင်သူတို့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့်မိန့်ခွန်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့)။

ထိုပြင်လူငယ်တို့သည် လက်ထပ်ထိမ်းမြားခြင်းဖြင့် သစ္စာရှိသောဇနီးမောင်နှံနှင့် ရာသက်ပန်မြဲမြဲသော ဇနီးမောင်နှံအဖြစ်နေထိုင်တတ်သည့် လိင်ကိစ္စကို တာဝန်သိသိကိုင်တွယ်နေထိုင်သူများဖြစ်ရန် ပြုစုပျိုးထောင် ပေး ရမည်။ လူငယ်များသည် အခြားလူများကို ကိုင်ကျင့်တရားအပိုင်းတွင် လေးလေးစားစား ဆက်ဆံတတ်ရမည်။ အင်တာနက်အသုံးပြုမှုများကိုလည်း ချင့်ချိန်၍ အကောင်းအဆိုးခွဲခြားပြီး အသုံးပြုတတ်ရမည်။ မိမိတို့ဝယ်ချမ်းသော ပစ္စည်းများကို ထုတ်လုပ်သောနေရာတို့ကို သိရှိရမည်။

“လူကုန်ကူးမှုကို တိုက်ဖျက်ရာတွင် လက်တွေ့အားဖြင့် ရာဇဝတ်မှုအပိုင်းကို ဖြိုဖျက်ရန် ရည်ရွယ်ရင်း ယင်းနှင့် ဆက်နွယ်နေသည့် ကျယ်ပြန့်သော ကိစ္စရပ်များကိုလည်း စဉ်းစားထားရမည်။ ဥပမာ နည်းပညာတိုးတက်မှုနှင့် ဆက်သွယ်ရေးမီဒီယာများကို တာဝန်သိသိ အသုံးပြုသကဲ့သို့ အခွင့်ထူးခံလူများ အခြားလူများအပေါ် ခေါင်းပုံဖြတ်မှု အပေါ်အခြေခံသည့် (လူကုန်ကူးမှု) စီးပွားရေးစံနစ်ဆိုး၏ ကိုယ်ကျင့်တရားပျက်ပြားမှုနှင့် ဆက်နွယ်နေသည့် အကြောင်းအရာများကိုလည်း ရေငုံပိတ်နေ၍မဖြစ်ပေ။ (ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့ မိန့်ခွန်း)။

၂၅။ ကက်သလစ်ဘာသာဝင်များသည် မိမိတို့၏မိသားစုအတွင်း လူကုန်ကူးမှုအကြောင်း သိသင့်သိထိုက်သော အကြောင်းအရာများကို ပြောပြထားသင့်မည်။

> "လူကုန်ကူးမှုအကြောင်း ပညာပေးအစီအစဉ်များကို မိမိတို့၏ မိသားစုအတွင်း စတင်ရမည်။ ဤနည်းဖြင့် သာလျှင် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းမှလူများ ဤအကြောင်းအရာများကိုသိရှိပြီး၊ သူတို့သည် မည်သူမျှ လူကုန်ကူးမှု မခံရလေအောင် လူကုန်ကူးမှုကို တိုက်ဖျက်ရန် တွန်းအားပေးနိုင်ပါလိမ့်မည်။ (လူကုန်ကူးမှုတိုက်ဖျက်မှုအတွက် ဆုတောင်းရာနေ့တွင် ပါဝင်သူတို့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့်မိန့်ခွန်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့)။

လူကုန်ကူးမှုအကြောင်း ပညာပေးအစီအစဉ်များကို ရပ်ရွာအုပ်စုများအကြားတွင်လည်း ပြုလုပ်ပေးရပါမည်။ လူငယ်များကို လူကုန်ကူးမှု၏ဆိုးရွားမှုအကြောင်းသိရှိလာရန် နည်းလမ်းမျိုးစုံဖြင့် ပညာပေးအစီအစဉ်များကို ပြုလုပ်ပေးခြင်းဖြင့် သူတို့သည် လူကုန်ကူးမှုကို တားဆီးပေးမှုလုပ်ငန်းတွင် ပါဝင်ကြပြီး၊ တိုက်ဖျက်မှုလုပ်ငန်းတွင်လည်း ပါဝင်လာကြလိမ့်မည်။

> "လူကုန်ကူးမှုတားဆီးရေးနှင့်ပတ်သက်၍ ပထဦးဆုံးဆောင်ရွက်ရမည့်လုပ်ငန်းမှာ လူကုန်ကူးမှုအကြောင်း လူအများ သိရှိလာနိုင်မည့် နည်းဗျူဟာကိုအကောင်းအထည်ဖော်ရမည်။ ဤဒေသမှ လူကုန်ကူးမှု ဒုက္ခကို ရင်ဆိုင်ခဲ့ကြသူ၊ ဆက်လက်ရင်ဆိုင်နေရသူတို့၏ကံကြမ္မာကို ဖုံးအုပ်ထားသည့် မိမိနှင့် မဆိုင်သလို နေထိုင်မှုစံနစ်၏ မျက်နှာဖုံးကို ချွတ်ခွာပေးရမည်။ (မျက်မှောက်ခေတ် ကျွန်စံနစ် တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးအတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်ပေးပို့သည့် သဝဏ်လွှာ။ ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့)။

## ၄။ လူကုန်ကူးမှုဖြစ်ပေါ်နေမှုကို ဖော်ထုတ်မှုနှင့် သက်ဆိုင်ရာသို့အကြောင်းကြားမှု။ (Identifying & Reporting Human Trafficking)

၂၆။ လူကုန်ကူးခြင်းရာဇဝတ်မှုဖြစ်ပေါ်နေမှုကို ဖော်ထုတ်မှုနှင့် သက်ဆိုင်ရာသို့အကြောင်းကြားမှုအတွက် အတားအဆီးဖြစ်သော အခြေအနေများစွာကိုတွေ့ရှိရသည်။ ရဲများ၏စုံစမ်းစစ်ဆေးမှုသည် ခက်ခဲ၍အချိန်ကြာမြင့်ပါသည်။ ဤရာဇဝတ်မှုအတွက် အထောက်အထားစုဆောင်မှုတွင် လာဘ်စားမှု၊ နိုင်ငံငယ်များတွင် ဌာနဆိုင်ရာပူးပေါင်းကူညီမှု နည်းပါးခြင်း စသည့် အတားအဆီးများကိုရင်ဆိုင်ရသည်။

> "ကျေးကျွန်စံနစ်ဖြစ်ရခြင်း၏အခြားအကြောင်းရင်းတစ်ခုမှာ အချို့လူတို့သည် ငွေရလျှင် ဘာမဆိုလုပ်ပေးတတ်သည့် လာဘ်စားမှုကြောင့်ဖြစ်သည်။ ကျေးကျွန်စံနစ်နှင့် လူကုန်ကူးမှုစံနစ် တည်ရှိနေမှုအတွက် ကြားပွဲစား (အကျိုးဆောင်ကူညီသူ) အဖြစ်လုပ်ကိုင်နေကြသည့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ကိုင်သူအချို့၊ အစိုးရဝန်ထမ်းများ၊ အရပ်ဘက် အရာရှိများနှင့် တပ်မတော်အရာရှိအချို့၏ လုပ်ကိုင်ဆောင်ရွက်နေမှုကို လိုအပ်လျက်ရှိသည်။ (ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ဆုတောင်းရာနေ့ - ၂၀၁၅- ခုနှစ် ဇန်နာဝါရီလ -၁- ရက်နေ့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့သည့် သဝဏ်လွှာ)။

တရားဥပဒေစိုးမိုးရေးအဖွဲ့နှင့် တရားရုံးများမှ ဤရာဇဝတ်မှုများကိုကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် လူအင်အားနှင့် အခြားရင်းနှီးရမည့်အရာများ မလုံလောက်ခြင်း၊ တစ်ခါတစ်ရံ လုပ်ကိုင်နိုင်သည့် နယ်မြေအကန့်အသတ်နှင့် လုပ်ပိုင်ခွင့်အာဏာ မရှင်းမလင်းဖြစ်ခြင်းတို့နှင့် ကြုံကြိုက်ရသည်။ ထိုပြင် အစဉ်အလာအရ ကိုင်တွယ်မှုနည်းလမ်းအပြင် တရားဥပဒေစိုးမိုးရေးအဖွဲ့ဝင်များသည် အခြားသောပုံစံများဖြစ်သည့် ဥပမာ ငွေရေးကြေးရေး၊ စာရင်းဇယားဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကိုလည်း ပြုလုပ်ရန်လိုအပ်သည်။ လူကုန်ကူးမှု၏ ရှုပ်ထွေးပွေလီသော အခန်းကဏ္ဍများသည် စိန်ခေါ်မှု အတော်အတန်ကို ရင်ဆိုင်စေတတ်သည်။ ရိုးရာယဉ်ကျေးမှု ဆိုင်ရာ အဟန့်အတားများသည်လည်း လူကုန်ကူးမှုအကြောင်း စုံစမ်းစစ်ဆေးဖော်ထုတ်မှုကို တားဆီးလျက်ရှိကြသည်။ လူကုန်ကူးခံရပြီး လွတ်မြောက်လာသူတို့သည်လည်း မကြာခဏပင် စိုးရိမ်စရာအကြောင်းအမျိုးမျိုးကြောင့် ရာဇဝတ်မှုအကြောင်းသက်ဆိုင်ရာသို့ အကြောင်းကြားရန် ပျက်ကွက်ကြသည်။ လူကုန်ကူးမှု ခံခဲ့ရသူများသည် မကြာခဏပင် လူကုန်ကူးမှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ရှုတ်ချရန်နှင့် သက်သေထွက်ဆိုရန် ကြောက်ရွံ့နေကြသည်။ အမှန်တကယ် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်လာကြသောအခါ သူတို့၏ အသက်အတွက်ဖြစ်စေ၊ သူတို့၏မိသားစု၏အကျိုးအတွက်ဖြစ်စေ၊ တိုင်းပြည်တစ်ခုတွင် လာရောက် လုပ်ကိုင် နေထိုင်မှုအတွက် လိုအပ်သည့် စာရွက်စာတမ်းများမပြည့်စုံသဖြင့် မိမိတို့ကိုယ်တိုင် တရားစွဲခံရမည်ကို ကြောက်ရွံ့ မှုများကြောင့်ဖြစ်ပေမည်။ ထိုပြင် သူတို့သည် အထီးကျန်ဘဝဖြစ်ပြီး၊ အခြားလူများအပေါ် အယုံအကြည် မရှိကြသောကြောင့် တိုင်ကြားရန်

ရှက်ကြောက်လျက်ရှိကြသည်။ သူတို့၏ စိတ်ချောက်ခြားမှုသည် အတိတ်မှဖြစ်စဉ်ကို ပြန်လည်ပြောပြလျှင် ရက်စက်ယုတ်မာသည့် ယခင်စော်ကားခံရမှုနှင့် ဒုက္ခဝေဒနာမှခံစားချက်များသည် ခံစားချက်တွင် နောက်တဖန် ပြန်လည်ဖြစ်ပေါ်တတ်သဖြင့် မပြောပြလို၊ မပြောပြနိုင်ဖြစ်စေပါသည်။ ခြိမ်ချောက်ခံရမှု၊ အကြမ်းဖက်မှု၊ စိတ်ဓါတ်ကျမှုတို့သည် ယခင်က လူကုန်ကူးသူတို့၏ထောင်ချောက်တွင် မိနေစဉ်ကကဲ့သို့ လူကို မလှုပ်မရှားနိုင်အောင် ဖြစ်စေနိုင်ပါသည်။

> "လူမှုရေးဆိုင်ရာ အချက်တစ်ချက်ရှိပါသည်။ ဂိုဏ်းဖွဲ့၍လှုပ်ရှားနေသော ရာဇဝတ်မှုလုပ်ငန်းနှင့် တရားမဝင်လူကုန်ကူးသူတို့သည် စားဝတ်နေရေးကျဉ်းကျပ်သူ၊ ဘဝအနာဂတ်အတွက် မျှော်လင့်ချက်နည်းပါးသူတို့အထဲမှ မိမိတို့၏ ဓါးစာခံများကို ရွေးချယ်ခေါ်ယူကြသည်။ ပို၍ရှင်းလင်းစွာပြောရလျှင် အဆင်းရဲဆုံးလူများ၊ အားကိုးရာမဲ့သူများနှင့် အပယ်ခံလူတန်းစားများမှ လူများကို လူကုန်ကူးမှုဓါးစားခံများအဖြစ်ခေါ်ဆောင်ကြသည်။ (မျက်မှောက်ခေတ် ကျွန်စံနစ် တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးအတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်ပေးပို့သည့် သဝဏ်လွှာ။ ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့)။

၂၇။ လူကုန်ကူးမှုကို စုံစမ်းဖော်ထုတ်ခြင်းနှင့် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းများကို စတင်လုပ်ဆောင်ရာ၌ တရားဥပဒေစိုးမိုးရေးအရာရှိများ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ နှင့် လူမှုရေး ကျန်းမာရေးဝန်ထမ်းများသည် လိုအပ်သော သင်တန်းများကိုကောင်းကောင်းတက်ထားပြီး၊ လူကုန်ကူးမှုကို စုံစမ်းဖော်ထုတ်မှုနှင့် သူတို့ကို ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာဥပဒေများအရ အရေးယူအပြစ်ပေးရမည့်အကြောင်းများကို ကောင်းမွန်စွာ သင်ကြားထားရမည်။ ဝန်ထမ်းများ၏လာဘ်စားမှုနှင့် တိတ်တဆိတ်ပါဝင်ပတ်သက်နေမှုတို့ကို ပြင်းပြင်းထန်ထန် ရှုတ်ချပြီး ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ရမည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် လူကုန်ကူးမှုခံရသူများအပါအဝင် ပါဝင်ပတ်သက်နေသူအားလုံးသည် ကျွမ်းကျင်သည့် အကျိုးဆောင်အဖွဲ့ကိုနိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်တွင်ဖွဲ့စည်းထားသင့်သည်။ ယင်းအကျိုးဆောင်အဖွဲ့သည် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများ၏ လူ့အခွင့်အရေးကိုလေးစားလျက်၊ အသင်းတော်၏သွန်သင်မှုနှင့် ကိုက်ညီပြီး၊ လူတို့၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးသည့် နိုင်ငံတကာသဘောတူညီချက်များ၊ ဥပဒေစည်းကမ်းချက်များ၊ နှင့်မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။ လူကုန်ကူးခံရပြီး လွတ်မြောက်လာသူတို့သည် သူတို့ကို ခေါင်းပုံဖြတ်ခဲ့သူများကို တရားစီရင်အပြစ်ပေးမှုတွင် ပါဝင်ကူညီရန် အကြပ်မကိုင်ဘဲ အားပေးတိုက်တွန်းသင့်သည်။ ပါဝင်ကူညီရန် သဘောတူသူတို့ကို ဘေးကင်းစွာ လုပ်ကိုင်နိုင်ရန် အားပေးကူညီရမည်။ သူတို့အနေဖြင့် နောက်ထပ်စိုးရိမ်ကြောက်ရွံ့မှု၊ စိတ်ဖိစီးမှုခံစားမှုများဖြစ်ပေါ်မှုကို ရှောင်ရှားသင့်သည်။ သူတို့ကို ကူညီစောင့်ရှောက်မှုပေးရန်၊ သူတို့၏ကိုယ်ရေးကိုယ်တာကိစ္စကို လျှို့ဝှက်စွာ ထားရှိပေးရေးအပြင်၊ သူတို့ဘေးကင်းစွာနေထိုင်ရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာကူညီမှု စသည်တို့အတွက် အာမခံချက်ပေးရမည်။ လူကုန်ကူးခံရသည့် ကလေးသူငယ်များအတွက်

ထူးထူးခြားခြားကာကွယ် စောင့်ရှောက်မှု စီစဉ်ပေးရမည်။ သူတို့၏အနာဂတ်အတွက်ပြုလုပ်မည့်အစီအစဉ်များသည် ကလေးသူငယ်အတွက် အကောင်းဆုံးဖြစ်ပြီး သူတို့၏မိဘနှင့် တရားဝင်အုပ်ထိန်းသူများ၏ အခွင့်အရေးနှင့် တာဝန်များကိုလည်း ထည့်သွင်း စဉ်းစားပေးရမည်။

> "ကာကွယ်စောင့်ရှောက်မှုဆိုရာ၌ အန္တရာယ်ကိုကြောက်ရွံ့ပြီး၊ ခိုလှုံခွင့်နှင့် လုံခြုံမှုကိုရှာဖွေရင်း ထွက်ပြေးတိမ်းရှောင်သူတို့၏ မကျူးကျော်နိုင်သည့် လူ့ဂုဏ်သိက္ခာကို အသိအမှတ်ပြု၍ကာကွယ်ပေးမှုနှင့် သူတို့ကို စော်ကားခံရမှုမှ ကာကွယ်ပေးရန် ကျွန်ုပ်တို့၌ တာဝန်ရှိမှုကိုရည်ညွှန်းပါသည်။ ကျွန်ုပ်သည် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် စိုးရိမ်မိပါသည်။ သူတို့သည် အန္တရာယ်များသည့်အခြေအနေ၊ စော်ကားခံရမည့်အခြေအနေ၊ ကျွန်ပြုခြင်းခံရမည့်အခြေအနေများအတွက် သားကောင်များအဖြစ် အသုံးပြုခံရမည့် အခြေအနေများတွင် ရောက်ရှိနေတတ်ကြပါသည်။" (ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းရာနေ့ - ၂၀၁၈- ခုနှစ် ဇန်နဝါရီလ -၁- ရက်နေ့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့သည့် သဝဏ်လွှာ)။

အကယ်၍သင့်လော်ပါက ရှေ့နေများ၊ နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများကို လူကုန်ကူးမှုမှလွတ်မြောက်လာသူများအမှုကို စစ်ဆေးချိန်နှင့် တရားစီရင်ချိန်များ၌ နီးစပ်သည့်အကျိုးဆောင် ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်ရန် ခွင့်ပြုသင့်သည်။ သက်သေထွက်ဆိုမှုတာဝန်ကို လူကုန်ကူးမှုမှ လွတ်မြောက်လာသူတစ်ဦးတည်းအပေါ် ပေးထား၍မဖြစ်ပေ။ လူကုန်ကူးမှုရာဇဝတ်မှုကို ရှာဖွေတွေ့ရှိမှုမရှိဘဲ လွှတ်ထားပါက၊ လူကုန်ကူးသူတို့သည် အပြစ်ပေးခြင်းမခံရဘဲ၊ ဆက်လက်လုပ်ကိုင်နေကြပါလိမ့်မည်။

၂၈။ လူကုန်ကူးမှုကိုတိုက်ဖျက်ရန် အမှန်တကယ် ဆက်ကပ်လုပ်ကိုင်ကြသူတို့သည် ကက်သလစ်ဘာသာဝင် အဖွဲ့အစည်းများမှ တာဝန်ယူလုပ်ကိုင်ကြသော အကျိုးဆောင်လုပ်ငန်းနှင့် ထောက်ပံ့ကူညီသောလုပ်ငန်းလုပ်ကိုင်မှု များကိုကြည့်ပြီး လုပ်ချင်လာရန် နှိုးဆော်မှုခံရကြသည်။ ဘုရားရှိခိုးကျောင်းများ၊ ခရစ်ယာန်ဘာသာရေး အဖွဲ့အစည်းများနှင့် အခြားဘာသာများနှင့်ဆိုင်သည့် အဖွဲ့အစည်းများသည် လူကုန်ကူးခံရသူတို့၏ ယုံကြည်စိတ်ချမှုကိုရရှိကြသဖြင့်၊ သူတို့ကို ရဲများ၏ စုံစမ်းစစ်ဆေးမှုနှင့် တရားဥပဒေအရ ဆက်လက်လုပ်ကိုင်မှုတို့တွင် ပါဝင်ကူညီရန် တိုက်တွန်းသင့်သည်။ အမှန်တကယ် ပြောရလျှင် လူကုန်ကူးခံရပြီး လွတ်မြောက်လာသူများစွာသည် တရားဥပဒေ စိုးမိုးရေးအတွက် လုပ်ကိုင်သူတို့အပေါ် ယုံကြည်စိတ်ချရန် အခက်အခဲများရှိကြသဖြင့် သူတို့၏လွတ်မြောက်မှုနှင့်လူကုန်ကူးသူတို့ကို အရေးယူဆောင်ရွက်မှုတွင် အခက်အခဲများရှိလာနိုင်ပါသည်။ အတွေ့အကြုံအရပြောရလျှင် လူကုန်ကူးခံရသူတို့သည် သီလရှင်များနှင့် ဘာသာရေးအဖွဲ့အစည်းများမှလူများအပေါ် အလွယ်တကူယုံကြည်ကြပြီး၊ ဘာသာရေးအဖွဲ့အစည်းများမှလူတို့သည် တရားဥပဒေအရဆောင်ရွက်မှုအပေါ် ယုံကြည်မှုတည်ဆောက်ပေးပြီး၊ သူတို့အတွက် ဘေးကင်းသောနေရာကိုပေးပြီး၊ အခြားလိုအပ်သည့်အကူ အညီများကိုလည်း ပေးနိုင်ပါလိမ့်မည်။

## III. လူကုန်ကူးမှု၏နည်းဗျူဟာများ။ ညစ်ညမ်းသည့် ဒုစရိုက်လုပ်ငန်း၊ (The Dynamic of Human Trafficking; The Ugly evil Business)

### ၅။ ဒုစရိုက် လုပ်ငန်း၏ အချိတ်အဆက်များ။ (The Business Connection)

၂၉။ မျက်မှောက်ခေတ်၊ငွေကြေးစံနစ်၊ကုန်စည်ရောင်းဝယ်မှု၊သယ်ယူပို့ဆောင်မှု နှင့် ဆက်သွယ်ရေးစံနစ်များသည် ဒုစရိုက်ကျူးလွန်ရန်ဝန်မလေးသူများအတွက်လူကုန်ကူးမှုအတွက် လူတို့ကို ထောင်ချောက်ထောင်ပြီး ခေါ်ဆောင်သွားကာ ခေါင်းပုံဖြတ်မှုစံနစ်များကို လုပ်ကိုင်လိုသူတို့အတွက်အခွင့်အလန်းများကို ဖွင့်ထားပေးလျက်ရှိသည်။စက်ရုံများတွင် စိုက်ပျိုးရေးလုပ်ငန်း တံငါလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဓါတ်သတ္တုတူးဖော်ရေးလုပ်ငန်းတို့တွင် ဒုစရိုက်လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်သူ မြောက်များစွာတို့နှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိကြရာ လူကုန်ကူးမှု လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်လျက်ရှိပြီး၊ ယင်းလုပ်ငန်းစတင်ပုံနှင့် ယင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးကို ဖော်ထုတ်ရန် ခက်ခဲပြီး ရှုပ်ထွေးလျက်ရှိသည်။ ဒုစရိုက်လုပ်ငန်းကို လက်ရှိ စီးပွားရေး စံနစ်များအောက်တွင် ဖုံးကွယ်ထားနိုင်ပါသည်။ ဒေါသထွက်မှုသည်ဆီလျှော်သော်လည်း လူကုန်ကူးမှုကို အကျိုးအမြတ်များစွာရရှိပြီး ကောင်းမွန်သည်ဟုယူဆရသော စီးပွားရေးစံနစ်ဖြင့် ကာကွယ်ထားပြီးအေးအေးဆေးဆေးလုပ်ကိုင်လျက်ရှိကြသည်။ လူကုန်ကူးမှုလုပ်ငန်းကို တားဆီးရန် သဘောထားရိုးရိုးဖြင့် ကြိုးပမ်းလုပ်ကိုင်ကြသောအခါ ဒုစရိုက်လုပ်ရန် ဝန်မလေးသူကုန်သည်များသည် အရေးယူမှုကိုကာကွယ်ရန် နည်းဗျူဟာများကို ပုံစံပြောင်း၍ပြုလုပ်တတ်ကြသည်။

၃၀။ လက်ရှိ အရောင်းအဝယ်ကိစ္စတွင် ကျင့်သုံးနေကြသည့် ကုန်ပဏီများ၏ဓလေ့ဖြစ်ကြသည့် ထောင်ချောက်ထောင်မှု၊ ခေါင်းပုံဖြတ်မှုစံနစ်များကို ဖော်ထုတ်နိုင်ရန် သူတို့ကျင့်သုံးနေကြသည့် လူ့ကျင့်ဝတ်များကို ဝေဖန်သုန်သပ်ကြည့်ရန် လိုအပ်သည်။ အသင်းတော်သည် ရောင်းသူဝယ်သူ နှစ်ဖက်စလုံးမှ ဆက်ဆံရေးကောင်းမွန်မှုကို အားပေးလျက်ရှိပြီး၊ ရောင်းသူဝယ်သူ နှစ်ဘက်စလုံးမှ ကျင့်သုံးလိုက်နာနေကြသည့် ကျင့်ဝတ်များအကြောင်း ဝေဖန် သုန်သပ်ကြည့်ပြီး၊ ဆွေးနွေးပွဲမှ တောင်းဆိုသည့် အပြောင်းအလဲများကို လိုက်နာဆောင်ရွက်ရန် တိုက်တွန်းလျက်ရှိသည်။

> "ထိုကြောင့် စီးပွားရေးစံနစ်ပုံစံများသည် လူပုဂ္ဂိုလ်နှင့်လူ့အခွင့်အရေးကို တန်ဖိုးထားမှုကို ဗဟိုပြုသည့် နစ်နာမှုမရှိ ရပ်တည်နိုင်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက်လိုအပ်သည့် ကျင့်ဝတ်များကို လိုက်နာရမည်။ (နှစ်စဉ်ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်အစည်းအဝေးအတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့သည့် သဝဏ်လွှာ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့)။

၃၁။ အသင်းတော်သည် လူတို့အတွက် ဘုရားသခင်ထားရှိသည့် စီမံကိန်းကိုအကောင်းအထည်ဖော်မှုအတွက် လိုအပ်သည် တန်ဖိုးနှင့် စီးပွားရေးပုံစံများဖြစ်ပေါ်လာမှုကို မြှင့်တင်ပေးပြီး၊ လူတိုင်းပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေးစံနစ် ဖြစ်ပေါ်လာမှုအတွက် အားပေးကူညီရန် စောက်ချလုပ်ကိုင်လျက်ရှိသည်။

"ကုန်ပဏီတစ်ခု၏ စီးပွားရေးဆိုင်ရာနှင့် စီမံခန့်ခွဲ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရာနေရာများသည် စီးပွားရေးလုပ်ငနးလုပ်ကိုင်သူများဖြစ်ကြသည့် အလုပ်ရှင်များနှင့် လုပ်သားများအကြား ညီအစ်ကို မောင်နှမစိတ်ဓါတ် တည်ဆောက်ပေးခြင်း၊ အတူအတူ တာဝန်ယူလုပ်ကိုင်ခြင်း၊ လက်တွဲလုပ်ကိုင်ခြင်းတို့ကို တည်ဆောက်ပေးခြင်းတို့ဖြင့် ဘုရားသခင်၏ ကောင်းစချီးမင်္ဂလာကို ခံယူရရှိရာနေရာများဖြစ် လာပါလိမ့်မည်။" (ခရစ်ယာန်ဘာသာဝင် လုပ်ငန်းရှင်များ၏အစည်းအရုံးအစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မြွက်ကြားခဲ့သည့် မိန့်ခွန်း။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့)။

ကက်သလစ်ဘာသာဝင်အားလုံးတို့သည် မိမိတို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းကို တရားမျှတမှုပိုမိုထားရှိ ရန်၊ အချင်းချင်းအပြန်အလှန်လေးစားမှုရှိရန်၊ မည်သူကိုမျှ ဝိုင်းမပယ်ဘဲ အားလုံးပါဝင် အကျိုးခံစားနိုင်ရန်၊ ခေါင်း ပုံဖြတ်မှုအားလုံး အထူးသဖြင့် ကိုယ်ချင်းစာတရားကင်းမဲ့သည် ရက်စက်ကြမ်းကြုတ်မှုတို့ ဖယ်ရှားပစ်ရန် တက်ကြွ စွာ ပါဝင်ကြိုးပမ်းလုပ်ကိုင်ရမည်။

"လူပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းများသည် လူကို ရက်စရာကောင်းသည့် ကျွန်သဘောက်အဖြစ်ဆက်ဆံရန် ရည်ရွယ်နေချိန်တွင်၊ ကျွန်ုပ်တို့ ခရစ်ယာန်ဘာသာဝင်များသည် လူတစ်ယောက်မှ ဘဝတူအခြားလူ တစ်ယောက်ကို ကျွန်သဘောဆက်ဆံရန် အထောက်အကူဖြစ်စေသည့် လူအချင်းချင်းအကြား တမ်းတူဆက်ဆံမှုမရှိခြင်း၊ လူလူချင်းအဆင့်အတန်းခွဲခြား ဆက်ဆံခြင်းစိတ်ဓါတ်များကိုကျော်လွှားနိုင်မည့် အချင်းချင်းလက်တွဲလုပ်ကိုင်မည့် စိတ်ဓါတ်ကိုမြှင့်တင်ပေးရန် ဖိတ်ခေါ်ခြင်းခံကြရသည်။ ဤစိန်ခေါ်မှုကို အတူတကွ ရင်ဆိုင်ကြိုးပမ်းလုပ်ကိုင်မှုသည် လွတ်လပ်မှု၊ တရားမျှတမှု နှင့် ငြိမ်းချမ်းမှုသို့ ဦးတည်သည့် ဘဝသစ် လူ့အဖွဲ့အစည်း တည်ဆောက်မှုအတွက် တန်ဖိုးမဖြတ်နိုင်သည့် အထောက်အကူ တစ်ခုဖြစ်လာပေမည်။ (မျက်မှောက်ခေတ် ကျွန်ကုန်ကူးမှုပပျောက်ရေး အတွက် နိုင်ငံတကာဖိုရမ် အစည်းအဝေးတွင် ပါဝင်သူတို့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်ပေးပို့သည့် သဝဏ်လွှာ။ ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့)။

## ၆။ အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ နှင့် ကုန်ကြမ်းရရှိမှု ကွင်းဆက်များ။
(Working Conditions and Supply Chain )

၃၂။ လူကုန်ကူးမှုသည် မကြာခနဆိုသလို ရှုပ်ထွေးပွေလီသော ရောင်းဝယ်ဖောက်ကားမှုကွင်းဆက်အောက်တွင် ဖုံးကွယ်နေတတ်သည်။ ဈေးကွက်စီးပွားရေးပြိုင်ဆိုင်မှုများလာသည်နှင့်အညီ ဈေးကွက်တွင် လုပ်သားခများကို လျှော့ချခြင်းနှင့် ကုန်ကြမ်းများကိုလည်း ဈေးနှိမ်၍ဝယ်ယူခြင်းများကို ပြုလုပ်ကြသည်။

"နေ့တိုင်းလိုလိုပင်၊ များစွာသောလူတို့သည် အခွင့်ထူးခံလူတန်းစားအချို့မထမ်းလိုဘဲ၊ လူအများ၏ပုခုံးအပေါ် မနိုင်မနင်း ဝန်ထုတ်ကိုတင်ပေးသည့် လူအချင်းချင်းကို ခေါင်းပုံဖြတ်သည့် စီးပွားရေးစံနစ်၏ဝန်ထုတ်ကို သယ်ဆောင်လျက်ရှိကြသည်။" (တနင်္ဂနွေနေ့ မွန်းတည့်မေတ္တာဆိုစဉ် ရဟန်းမင်းကြီး ဖရန်စစ် အရှင်မြတ်မြွက်ကြားသည့် မိန့်ခွန်း။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့)။

မကြာခနဆိုသလိုပင် အလုပ်သမားများသည် အခြားရွေးစရာမရှိသောကြောင့် ခေါင်းပုံဖြတ်သည့် အခြေအနေများတွင် အလုပ်လုပ်ရန် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြရသည်။ ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှု၊ ဖြန့်ဝေမှုနှင့် ပြန်လည် အသုံးပြုမှုအပိုင်းတို့တွင် လူနှင့်ဆိုင်သည့် ကျင့်ဝတ်များအကြောင်း သေသေချာချာ ဆန်းစစ်မှု အလွန်ရှားပါးသည်။ ကုန်ကြမ်းရရှိမှုကွင်းဆက်များအပေါ် စိတ်ဝင်စားမှုပြခြင်းသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုအတွက် အထောက်အကူပြုသော်လည်း ထိုသို့ပြုလုပ်မှုသည် ဝယ်ယူသူများ၏အမှန်တကယ် တာဝန်ရှိမှုနှင့် သူတို့နေထိုင်ကြသောတိုင်းပြည်များအပေါ် ရိုးသားစွာနှင့် သေသေချာချာ ဝေဖန်သုန်သပ်မှုကို မပျက်ကွက်သင့်ပေ။

"နိုင်ငံများသည် မိမိတို့ ထုတ်ပြန်သည့် နိုင်ငံကူးပြောင်းခြင်း၊ အလုပ်ခန့်ခြင်း၊ မွေးစားခြင်း၊ တိုင်းတစ်ပါး၌ လုပ်ငန်းရွှေပြောင်းလုပ်ကိုင်ခြင်း၊ ကျွန်စံနစ်မှလုပ်သားများထုတ်လုပ်သော ပစ္စည်းရောင်းဝယ်ခြင်း စသည်တို့နှင့် ပတ်သက်သည့် ဥပဒေများသည် လူပုဂ္ဂိုလ်၏ဂုဏ်သိက္ခာကို အမှန်တကယ် လေးစားကြောင်း အာမခံချက်ရှိရမည်။" (ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းရာနေ့ - ၂၀၁၅- ခုနှစ် ဇန်နဝါရီလ -၁- ရက်နေ့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့သည့် သဝဏ်လွှာ)။

၃၃။ လုပ်အားခ သက်သာပြီး ဈေးပေါပေါဖြင့် ရောင်းချသောကုန်ပစ္စည်းများလိုအပ်ချက်ကြောင့် ယင်းတို့ကို အများသိရှိစေရန်နှင့် ဥပဒေပြဌာန်းခြင်းဖြင့် သေသေချာချာ ကိုင်တွယ်ဖြေရှင်းပေးရန်လိုအပ်သည်။ လူအားလုံး၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အားပေးသည့် သင့်တင့်လျောက်ပတ်သည့် စီးပွားရေးစံနစ်ပုံစံကို

အားပေးရမည်။ ကုန်ပဏီအားလုံး အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီးမြုပ်နှံလုပ်ကိုင်သူအဖွဲ့အစည်းများအတွက် သူတို့၏ ကုန်ကြမ်းရရှိမှုကွင်းဆက်များတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုများဖြင့် ရင်းနှီးမြုပ်နှံရန် ဥပဒေများပြဋ္ဌာန်းမှုလိုအပ်သည်။

> "စီးပွားရေးလုပ်ငန်းအားလုံးတွင် အလုပ်သမားများအတွက် လူ့ဂုဏ်သိက္ခာနှင့်ကိုက်ညီသည့် လုပ်ငန်းခွင်အခြေအနေထားရှိမှုနှင့် အလုပ်သမားများအတွက် လုံလောက်သောလစာရရှိမှုအတွက် အာမခံချက်ထားရှိရန် တာဝန်ရှိကြပါသည်။ ထိုပြင် အနိုင်ကျင့်မှုပုံစံအမျိုးမျိုးနှင့် ခေါင်းပုံဖြတ်မှုများ ကုန်ပစ္စည်း ဖြန့်ဖြူးမှုစံနစ်ကွင်းဆက်ထဲသို့ ဝင်ရောက်လာမှုကို တားဆီးပေးရန် မျက်ခြေမပြတ် စောင့်ကြည့်ရမည်။"
> (ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းရာနေ့ - ၂၀၁၅- ခုနှစ် ဇန်နဝါရီလ -၁- ရက်နေ့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့သည့် သဝဏ်လွှာ)။

စံနစ်တကျ သတ်မှတ်ထားသည့် အလုပ်သမားခန့်မှု စာချုပ်တွင် အလွဲသုံးစားပြုလုပ်နိုင်သည့် စာပိုဒ်များကိုဖယ်ရှားလျက် ကုန်ထုတ်လုပ်မှုအစီအစဉ် တစ်လျောက်လုံးတွင် လူကုန်ကူးမှု သားကောင်များပါဝင်မှု မရှိကြောင်း နောက်ဆုံး ဝယ်ချမ်းသူများသိရှိနိုင်သည့် လေးစားထိုက်သည့် တိုက်ဖျက်မှုအစီအစဉ် များပါဝင်သည့် စည်းကမ်းချက်များ စံနစ်တကျ ထားရှိရမည်။

> "ကျွန်ုပ်တို့သည် အတုမယူသင့်သည့် နိုင်ငံရေးအရများယွင်းနေသဖြင့် လူမြင်ကွင်းမှ ဖုံးကွယ်နေလိုသည့် ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေသည့် ဒုစရိုက်စံနစ်ဆိုးအသစ်ကို လူတို့သိရှိလာကြရန် အသိပေးမှုအစီအစဉ်များပြုလုပ်ပေးသင့်သည်။ မိမိတို့နေထိုင်သောမြို့၊ မိမိတို့၏အိမ်နီးနားချင်းရပ်ကွက်၊ မိမိတို့နေထိုင်သည့် နယ်မြေနိုင်ငံတို့တွင် ကျေးကျွန်စံနစ်သစ်များဖြစ်ပေါ်နေမှုကို မည်သူမျှအသိအမှတ်မပြုလိုကြပါ။ ကျွန်ုပ်တို့သိသည့်အတိုင်း ဤကပ်ရောဂါ ဆိုးသည် နိုင်ငံတိုင်းလိုလိုပင် ရင်ဆိုင်နေရသောအရာဖြစ်ကြောင်း ကျွန်ုပ်တို့အသိပင်ဖြစ်ပေသည်။" (ရဟန်းမင်းကြီး၏ လူမှုရေးသိပ္ပံအကယ်ဒမီကျောင်းမှ ဝန်ထမ်းအားလုံးပါဝင်သည့် အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ် အရှင်မြတ်မြွက်ကြားခဲ့သည့်မိန့်ခွန်း၊ ၂၀၁၅ ခုနှစ် ဧပြီလ ၁၅ ရက်နေ့။)

ရောင်းဝယ်မှုကိစ္စသည် စီးပွားရေးသက်သက်နှင့်ဆိုင်သော လုပ်ငန်းဖြစ်သကဲ့သို့ လူတို့၏ကျင့်ဝတ်တရားနှင့် ဆက်နွယ်နေသောအရာလည်းဖြစ်ကြောင်း လူတို့သိရှိမှုသည် ကောင်းမွန်လှပေသည်။ ဤသို့ဖြစ်ပါက ရောင်းသူနှင့် ဝယ်သူတို့သည် ရောင်းဝယ်မှုတွင် လူမှုရေးအရ တာဝန်ရှိသူများဖြစ်ကြလိမ့်မည်။

၃၄။ ကက်သလစ်ဘာသာဝင်လုပ်ငန်းရှင်များသည် အလုပ်သမားများအတွက် လူ့ဂုဏ်သိက္ခာနှင့်ကိုက်ညီသည့် လုပ်ငန်းခွင်အခြေအနေကိုဖန်တီးကာ၊ မိသားစုအတွက် လုံလောက်သည့် လစာပေးခြင်းစသည့် ကက်သလစ်

သာသနာတော်၏သွန်သင်ချက်ကို လက်တွေ့ကျင့်သုံးရမည်။ သူတို့သည် အလုပ်သက်သက်ဘက်မှကြည့်လျှင် အလုပ်၏ဂုဏ်သိက္ခာနှင့် အရေးပါမှုကို အသိအမှတ်ပြုကြပေမည်။ ထိုပြင် အလုပ်သည်လူအတွက်ဖြစ်ပြီး၊ လူသည် အလုပ်အတွက်မဟုတ်ကြောင်း သိရှိရန် အထောက်အကူပြုပါလိမ့်မည်။ အလုပ်သမားများသည် လူသား ကုန်ကြမ်း များ (ဝါ) လူသားငွေအရင်းအနှီးများမဟုတ်ပါ။ ကက်သလစ်သာသနာတော်မှ ရုံးအဖွဲ့အစည်းများ၊ သီလရှင်ကျောင်းများနှင့် ကက်သလစ်ဘာသာဝင် အဖွဲ့အစည်းများသည် လိုအပ်သောသင်တန်းများတက်ခြင်း၊ အရင်းအနှီးရှာခြင်း၊ ကျွမ်းကျင်သူများထားရှိခြင်းစသည်တို့ဖြင့် လူတို့၏ဂုဏ်သိက္ခာနှင့် အခြေခံလူ့အခွင့်အရေးကို အာမခံချက်ပေးမည့် ကုန်ကြမ်းရှာမှုမူဝါဒနှင့် အလုပ်ခန့်မှုစာချုပ်ချုပ်ဆိုမှုများကို အကဲခတ်ကြည့်ရှုနိုင်ကြပါသည်။

> "မျှော်လင့်ချက်ကို စည်းလုံးမှုဖြင့် ကာကွယ်ရာ၌ လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် နိုင်ငံတော်အဖွဲ့အစည်းတို့၌ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သည်။ ကျွန်ုပ်သည် ဘာသာရေး အဖွဲ့ အစည်းများကိုလည်း ဘေးဖယ်ထားသည်မဟုတ်၊ ဤလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု အစီအစဉ်များတွင် မည်သူကိုမျှချန်ထား၍မရပါ။ မရိုးသားသော အပြုအမူများကို လူအားလုံး၏ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ကာကွယ်ပေးနိုင်သည်။" (ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်သည် ပီရူးနိုင်ငံ လီမာမြို့တွင် နိုင်ငံတော်အာဏာပိုင်အဖွဲ့စအည်ဝင်းများနှင့် သံရုံးဝန်ထမ်းများ၊ အားပေးခဲ့သည့်မိန့်ခွန်း။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့)။

၇။ လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းနေထိုင်သူများကို အခြားနိုင်ငံတစ်ခုထဲသို့ ခိုးသွင်းခြင်း။
(Human Trafficking & Migrant Smuggling)

၃၅။ အမှန်မှာလူကုန်ကူးမှုနှင့် ရွှေ့ပြောင်းနေထိုင်သူများကို ခိုးသွင်းခြင်းတို့မှာ ကွာခြားမှုအနည်းငယ်သာရှိ သည်။ အချို့အခြေအနေတွင် ရွှေ့ပြောင်းနေထိုင်သူများကို ခိုးသွင်းခြင်းသည် အလွယ်တကူ လူကုန်ကူးမှု ဖြစ်သွားနိုင်သည်။ မကြာသေးမီနှစ်များတွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် သဘာဝဒဏ်နှင့်စစ်ဒဏ်မှဒုက္ခသည် အမြောက်အများတို့သည် ရောနှော၍ပြောင်းရွှေ့လာကြသောအခါ စိတ်ပျက်အားငယ်သူအချို့သည် နေစရာနေရာအဆင်မပြေမှု၊ တရားဝင်စာရွက်စာတမ်းများမပါလာ၍ ရွှေ့စရာမရှိ ကြံ့ရာမရဖြစ်သောအခါဖြစ်စေ၊ ရွှေ့ပြောင်းလာသူများအတွက် ကန့်သတ်သည့် မူဝါဒများချမှတ်ထားခြင်းတို့ကြောင့် လူမှောင်ခိုလုပ်သူများ လက်ထဲသို့ကျရောက်သွားကာ၊ လူကုန်ကူး ခံရသူများဖြစ်သွားကြသည်။ နိုင်ငံတော်နှင့် အစိုးရမဟုတ်သည့် လူမှုဝန်ထမ်း ဒုက္ခသည်ကူညီသည့်အဖွဲ့အစည်း များသည် ကာကွယ်စောင့်ရှောက်မှုနှင့် အိမ်နေရာချထားမှု တောင်းဆိုသူများ များပြားလွန်းသဖြင့် လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းပေးရန် မတတ်နိုင်သောအခါဖြစ်စေ၊ နိုင်ငံတကာလူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီသည့်အဖွဲ့အစည်းများသည် ထောက်ပံ့မှုလျော့နည်းသွားသောအခါဖြစ်စေ၊ လစ်ဟင်းနေသောနေရာတွင် လူမှောင်ခိုလုပ်သူနှင့် လူကုန်ကူးသူတို့သည် သူတို့ရရှိသောအခွင့်အရေးကို လက်မလွှတ် အသုံးချမှုတွင် ကျွမ်းကျင်ကြပါသည်။

"လူကုန်ကူးသူတို့သည် ဒုစရိုက်ပြုရန် ဝန်မလေးသူ ကျင့်ဝတ်တရားများကိုမလိုက်နာသူ၊ ဒုက္ခရောက်သူများကိုခေါင်းပုံဖြတ်လျက် စားသောက်နေထိုင်သူ၊ လူတို့၏ ခံစားမှုများနှင့် စိတ်ပျက်အားငယ်မှုများအပေါ် ခေါင်းပုံဖြတ်လျက် ကျွန်အဖြစ် ဩဇာခံဖြစ်စေပြီး သူတို့စေခိုင်းသမျှကို လုပ်စေကြပါသည်။ အာဖရိကတိုက်မှ မြောက်များစွာသော အမျိုးသမီးငယ်တို့သည်ရိုးသားသောလုပ်ငန်းများကိုလုပ်ကိုင်လျက် ပိုမိုကောင်းမွန် သောဘဝဖြင့်အသက်ရှင်နေထိုင်မည်ဟုမျှော်လင့်လျက်၊ ဥရောပတိုက်ကမ်းခြေသို့ရောက်ရှိလာကြ သော်လည်း နောက်ဆုံးတွင် ကျွန်ဖြစ်သွားခြင်း၊ ပြည့်တန်ဆာလောကထဲသို့ အတင်းအဓမ္မပို့ဆောင်ခြင်း ခံရမှုများကို စဉ်းစားကြည့်လျှင် လုံလောက်ပါသည်။ (လူကုန်ကူးမှုတိုက်ဖျက်မှုအတွက် ဆုတောင်းရာနေ့တွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၊ ပေးခဲ့သော မိန့်ခွန်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့)။

၃၆။ လူတို့ကို လူမှောင်ခိုလုပ်သူ၊ လူကုန်ကူးသူများ၏ထောင်ချောက်ထဲ မရောက်ရှိရန် ကာကွယ်နိုင်မှုအတွက် ရှေးဦးစွာ သူတို့သည် မိမိတို့နေထိုင်ရာဒေသမှ အတင်းအဓမ္မ ထွက်ခွာသွားရသည်ဟု မခံစားရခြင်းသည် အရေးကြီး သည်။ အခြေခံအကျဆုံးကာကွယ်မှုသည် မိမိ၏မွေးရပ်ဌာနီတွင် နေထိုင်နိုင်သည့် အခွင့်အရေးကို လက်ဆုပ်လက်ကိုင် ပြုလျက်နေထိုင်ပြီး ထိုနေရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက်

ဖျက်ရန်-- ၄၀။ ကက်သလစ်ခရစ်ယာန်သာသနာတော် (အသင်းတော်) အနေဖြင့် သာသနာတော်အတွင်းမှ အဖွဲ့အစည်းများ

အာမခံချက်ရှိကြောင်း သိရှိရမည်။ လူတို့၏အခြေခံလိုအပ်ချက်သည် ကြိုတင်ပြင်ဆင်မှုအတွက်အချိန်မရဘဲ လုံခြုံမှုမရှိဘဲ၊ စစ်ကြောင့်ဖြစ်စေ၊ အကြမ်းဖက်မှုကြောင့်ဖြစ်စေ၊ ထွက်ပြေးတိမ်းရှောင်ရန် အခြေအနေပေါ်ပေါက်လာသောနေရာများတွင် ပို၍ပင် ပြင်းထန်ခက်ခဲလှပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မိမိတို့၏မွေးရပ်ဌာနီကို စွန့်ခွာရန် (ဝါ) အတင်းအကြပ် ထွက်ခွာရန် အခြေအနေပေါ်ပေါက်လာပါက တရားဥပဒေ ဘောင်အတွင်းမှ ဘေးကင်း၍ စံနစ်တကျရွှေ့ပြောင်းမှုကို စီစဉ်ပေးပါက လူမှောင်ခိုလုပ်ငန်းနှင့် လူကုန်ကူးမှုတို့ကို ကာကွယ်နိုင်ပါသည်။

"ကြိုဆိုလက်ခံခြင်း ဆိုရာ၌ အိမ်ရှင်နိုင်ငံသည် ရွှေ့ပြောင်းလုပ်ကိုင်နေထိုင်သူများနှင့် ထွက်ပြေးတိမ်းရှောင်သူ ဒုက္ခသည်များသည် သူတို့ရောက်လိုသောနိုင်ငံသို့ ဘေးကင်းစွာ တရားဥပဒေဘောင်အတွင်းမှ သွားရောက်နိုင်မှု အတွက် ကျယ်ပြန့်သော ရွေးချယ်မှုကိုစီစဉ်ပေးရမည်။ ဤအရာများကိုဆောင်ရွက်လိုပါက အိမ်ရှင်နိုင်ငံများသည် လူသားချင်းစာနာထောက်ထားမှုနှင့် မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်မှုအတွက် ဗီဇာထုတ်ပေးမှုများကို လွယ်ကူစွာနှင့် မြောက်များစွာထုတ်ပေးရန် ကြိုးပမ်းလုပ်ကိုင်ရမည်။" (၁၀၄ ကြိမ်မြောက် နယ်မြေရွှေ့ပြောင်းနေထိုင်သူ များနှင့် ဒုက္ခသည်များနေ့အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၊ ပေးပို့သော သဝဏ်လွှာ၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့)။

နယ်မြေရွှေ့ပြောင်းနေထိုင်သူများနှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းသူတို့နှင့် ပတ်သက်သည့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်အမှန်များကို သူတို့သိရှိရန် သတင်းဖြန့်ချီပေးရမည်။

"သတင်းဖြန့်ချီရေးဆိုင်ရာကျင့်ဝတ်တရား အရည်အချင်းမှာ အပေါ်ယံကြောမဟုတ်ဘဲ သတင်းတွင်ပါဝင်သူများနှင့်သတင်းကိုလက်ခံကြားနာသူများကိုဂရုတစိုက်လေးစားမှုမှထွက်ပေါ်လာရမည်။ လူတိုင်း လူတိုင်း သည် မိမိတတ်နိုင်သည့်အခန်းကဏ္ဍနှင့်မိမိတာဝန်အရ သတင်းဖြန့်ချီမှုတွင်မြင့်မားသော ကျင့်ဝတ်တရားကိုမျက်ခြေမပြတ် ထားရှိရန်ဖိတ်ခေါ်ခြင်းခံကြရသည်။" (ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မှ အီတလီနိုင်ငံမှ ရုပ်မြင်သံ ကြား ထုတ်လွှင့်မှု တာဝန်ခံများအားမြွက်ကြားသောမိန့်ခွန်း။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့)။

"လူကုန်ကူးမှုကာကွယ်မှုကို လူကုန်ကူးခံရသူတို့စတင်ထွက်ခွာသည့်နေရာမှစတင်လုပ်ကိုင်ရပြီး သူတိုမထွက်ခွာမှီ လူကုန်ကူးမှုနှင့်ပတ်သက်သည့် မှန်ကန်စိတ်ချရသော အချက်အလက်များနှင့် တရားမဝင် လူကုန်ကူးမှုတိုမှကာကွယ်မှုနည်းလမ်းများကို ပြောပြထားရမည်။" (ရဟန်းမင်းကြီးဖရန်စစ် အရှင်မြတ်မှ ၁၀၄ ကြိမ်မြောက် လူကုန်ကူးမှု့ကာကွယ်ရေးဆိုင်ရာ အစီးအဝေးသို့ ပေးပိုသော သဝဏ်လွှာ။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ)။

ပြည်တွင်းနှင့်   နိုင်ငံတစ်ခုနှင့်တစ်ခုအကြား လူကုန်ကူးမှုနှင့်လူခိုးသွင်းမှုလုပ်ငန်းကိုလူဆိုးဂိုဏ်းဖွဲ့၍ လုပ်ကိုင်နေသူတို့ကို ဒေသခံ ပူးပေါင်းလုပ်ကိုင်သူ အရပ်သားနှင့် ဝန်ထမ်းတို့နှင့်အတူ ထူးထူးခြားခြား အရေးယူ အပြစ်ပေးရန် လိုအပ်ပါသည်။

"အကျင့်ပျက်လာဘ်စားမှုသည် ဒီမိုကရေစီစံနစ်ကို ဆန်ကျင်သည့် လိမ်ညာမှုဖြစ်ပြီး ယင်းသည် ကြောက်မက်ဖွယ်ယာ ဒုစိုက်လုပ်ငန်းများဖြစ်ကြသည့် မူးယစ်ဆေးဝါးကုန်ကူးမှု၊ ပြည့်တန်ဆာလုပ်ငန်း၊ လူကုန် ကူးမှု၊ ကျွန်ရောင်းဝယ်မှု၊ ခန္ဓာကိုယ်အစိတ်အပိုင်းများထုတ်ယူရောင်းစားမှု၊ လက်နက်ရောင်းဝယ်မှု စသည့်တို့အတွက်   တံခါးဖွင့်ပေးသလိုဖြစ်နေပါသည်။" (နိုင်ငံတကာ ခရစ်ယာန်ဘာသာဝင် လုပ်ငန်းရှင်များအစည်းအဝေးတွင်   ရဟန်းမင်းကြီးဖရန်စစ်အရှင်မြတ်မှမြွက်ကြားခဲ့သောမိန့်ခွန်း၊ ၂၀၁၆ခုနှစ်   နိုဝင်ဘာလ ၁၇ ရက်နေ)

၃၇။   ကက်သလစ်အသင်းတော် (သာသနာတော်) သည် လူကုန်ကူးခံရပြီး လွတ်မြောက်လာသူတို့ကို ကာကွယ် စောင့်ရှောက်ရန် အစွမ်းကုန် ကြိုးပမ်းလုပ်ကိုင်လျက်ရှိသည်။

"ညီအစ်ကိုမောင်နှမများကို ကာကွယ်စောင့်ရှောက်ပေးမှုသည် လူမှုရေးဆိုင်ရာ တာဝန်ဝတ္တရားတစ်ခု ဖြစ် ပြီး၊ ယင်းသည် အခြားလူတို့၏မျက်ရည်စမှ မိမိတို့အတွက် အမြတ်ထုတ်နေကြသည့် လူကုန်ကူးမှုကို တိုက်ဖျက်မှုအတွက် အချိန်နှင့်တစ်ပြေးတစ်ညီတည်း အကောင်းအထည်ဖော် လုပ်ကိုင်ဆောင်ရွက်ရသည့် လူသား ဆန်သည့် လုပ်ငန်းဖြစ်ပေသည်" (ရွှေ့ပြောင်းနေထိုင်သူများကိစ္စနှင့် ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံတကာ ဖိုရမ် အစီးအဝေးတွင် ရဟန်းမင်းကြီးဖရန်စစ်အရှင်မြတ်မှမြွက်ကြားခဲ့သောမိန့်ခွန်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ)။

မိဘများနှင့် ဆွေမျိုးများသည် မိမိတို့၏သားသမီးများကို လူကုန်ကူးမှုမှ ရှေးဦးစွာ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြသည်နှင့်အညီ လူကုန်ကူးမှုတိုက်ဖျက်မှုကို သူတို့၏သတိပေးမှုဖြင့် စတင်ရပေမည်။ လူတိုင်းလူတိုင်းသည် မိမိတို့လက်လှမ်းမှီသမျှ တရားမဝင် လူစုဆောင်းမှုများကို ဖော်ထုတ်၍ ရှုတ်ချပြီး၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များကို တရားဥပဒေဘောင်အတွင်းမှ လိုအပ်သောအကူအညီ ပေးမှုလုပ်ငန်းများတွင် ပါဝင် လုပ်ကိုင်ပေးကြရန် အားပေးတိုက်တွန်းပါသည်။

## IV. လူကုန်ကူးမှု တိုက်ဖျက်မှုအတွက် လုပ်ကိုင်ဆောင်ရွက်ချက်များ။ ပိုမို တိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်သော နည်းလမ်းများရှိကြသည်။

(Responding to Human Trafficking: Room for Improvement).

### ၈။ ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်မှုကို အားပေးခြင်း။

(Bolstering Cooperation)

၃၈။ ပါလဲမို ညီလာခံ အစီးအဝေး ဆုံးဖြတ်ချက်များကို အကောင်းအထည်ဖော်ရာတွင် အများအားဖြင့် (p) သုံးလုံးပုံစံဖြင့် ဖော်ပြကြသည်။ ယင်းတို့မှာ(prevention) ကြိုတင်ကာကွယ်မှု (protection) ကာကွယ်စောင့်ရှောက်မှုနှင့် (prosecution) အရေးယူဆောင်ရွက်မှု စသည်တို့ဖြစ်ကြသည်။ နိုင်ငံတော်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများစွာတို့သည် ဤကဏ္ဍများအပေါ်အခြေခံလျက် မူဝါဒနှင့် စီမံကိန်းများကိုရေးဆွဲလေ့ရှိကြသည်။ ထိုပြင် စပ်တူလုပ်ငန်းလုပ်ကိုင်သူ (partnership) ခေါ် စတုတ္ထ (p) တစ်လုံးကိုလည်း အသုံးပြုကြသည်။ ယင်းသည် အားနဲသော်လည်း ယင်းကို လျော့တွက်၍မရပေ။ နိုင်ငံအချင်းချင်းပူးပေါင်းလုပ်ကိုင်မှုနည်းပါးခြင်း (ဝါ) ပြိုင်ဆိုင်မှုရှိခြင်းတို့ကြောင့် ရည်ရွယ်ချက်ကောင်းမွန်သည့် မူဝါဒနှင့် စီမံကိန်းများသည် ထိရောက်မှုနည်းပါးသည်ကို တွေ့ရှိရသည်။

> "အချို့ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း ပူးပေါင်းလုပ်ကိုင်မှုနည်းပါးမှုဟုဆိုရာ၌ များစွာသောလူတို့ကို ဥပဒေဘောင် အပြင်ဘက်တွင်ထားရှိပြီး၊ သူတို့၏လူ့အခွင့်အရေးကို အသုံးပြုရန် အခြေအနေမပေးဘဲ၊ ခေါင်းပုံဖြတ်မှု၏ဓားစာခံဖြစ်စေရန် သူတို့အပေါ်အခြားလူများအခွင့်အရေးယူရန်ဖြစ်စေ၊ သူတို့၏ ကံကြမ္မာကို လက် ခံ၍တိတ်ဆိတ်စွာနေရသော အခြေအနေသို့ အတင်းအကြပ်ပို့ဆောင်ခံရကြသည်။" (ရဟန်းမင်းကြီး ဖရန်စစ် အရှင်မြတ် ပနားမား သမတသို့ ပေးပို့သော သဝဏ်လွှာ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက်နေ့)

ဒေသခံအဆင့်၊ နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် များစွာသောနေရာတို့တွင် အထက်တွင်ဖော်ပြသည့်အတိုင်းတွေ့ရှိရသည်။ ဆင်တူရိုးမားအခက်အခဲများသည်လည်း နိုင်ငံတော်အဖွဲ့အစည်းမှ လုပ်ကိုင်နေသော လုပ်ငန်းများ၏ ထိရောက်မှုကို လျော့နည်းစေပါသည်။

> "နိုင်ငံတော် အစိုးရ အချင်းချင်းချိတ်ဆက်ထားသည့် အဖွဲ့အစည်းများသည် လက်အောက်ခံများအတွက် လိုက်နာအပ်သည့် စည်းကမ်းချက်များနှင့်အညီ လူကုန်ကူးမှုနှင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူတို့ကို ဘူမျောင်ခို လုပ်မှုလုပ်ငန်းများကို ကြီးကြပ်လုပ်ကိုင်ကြသည့် နိုင်ငံတစ်ခု၏နယ်နိမိတ်ကို ကျော်လွှားပြီး ဂိုဏ်းဖွဲ့လျက် လုပ်ကိုင်နေကြသော လူဆိုးဂိုဏ်းများကို တိုက်ဖျက်ချေမှုန်းသည့် လုပ်ငန်းများတွင် လက်တွဲလုပ်ကိုင်ကြရန် လိုအပ်ပါသည်။ နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံအတွင်းမှ

ဌာနဆိုင်ရာများနှင့် ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများသည် အခြေအနေအဆင့်ဆင့်တွင် လက်တွဲလုပ်ကိုင်မှုကို အထူးလိုအပ်လျက်ရှိကြောင်း ထင်ရှားလှသည်။" (ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်၏ ၂၀၁၅ ခုနှစ် (ဇန်နဝါရီလ ၁ ရက်) ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ဆုတောင်းရာနေ့အတွက် ပေးပို့သော သဝဏ်လွှာ)။

စီးပွားရေးလုပ်ငန်းရှင်များ သတင်းဖြန့်ချီသူ မီဒီယာလုပ်ငန်းလုပ်ကိုင်သူများနှင့် အခြားအဖွဲ့အစည်းများ၏ ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်မှုသည် အားနဲလျက်ရှိပါသည်။

၃၉။ လူကုန်ကူးမှုတိုက်ဖျက်မှုတွင် နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်မှုသည် အဓိကနှင့် အခြေခံအကျဆုံးဖြစ်ပြီး၊ ယင်းပူးပေါင်းလုပ်ကိုင်မှုများသည် လူတိုင်း၏ကြိုးပမ်းလုပ်ကိုင်မှုများကို လူကုန်ကူးမှု စတင်သောနေရာ၊ ကြားစခန်းနှင့် ခရီးဆုံးသောနေရာများတွင် ထိရောက်စေပြီး အကျိုးဖြစ်ထွန်းစေပါလိမ့်မည်။

"လူကုန်ကူးမှုတိုက်ဖျက်မှုတွင် ဤဒုစရိုက်လုပ်ငန်း၏ဆိုးကျိုးကို လူအများသိရှိလာရန် ဆောင်ရွက်မှုနှင့် နိုင်ငံတော်အစိုးရ၊ တရားရေးဌာန၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းဝန်ထမ်းများအကြား ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်နိုင်မှုအတွက် လုပ်ကိုင်ရန် များစွာ လိုအပ်လျက်ရှိနေပါသည်။" (ဥရောပတိုက် ရေနာတေ -Remate- အဖွဲ့အစည်း၏ ဒုတိယအကြိမ် အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ် အရှင်မြတ်၏ နှုတ်ဆက် စကား၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့)။

နိုင်ငံအချင်းချင်း လူကုန်ကူးမှုနှင့်ပတ်သက်သည့် သတင်းဖလှယ်မှုပြုလုပ်ကာ၊ ကြိုတင်ကာကွယ်မှု၊ လူကုန်ကူး ခံရသူများကိုစောင့်ရှောက်မှု၊ အရေးယူဆောင်ရွက်မှုတို့ကို စံနစ်တကျ ပူးပေါင်းလုပ်ကိုင်ရန် နည်းစံနစ်များထားရှိရမည်။ နိုင်ငံအချင်းချင်း ပူးပေါင်းလုပ်ကိုင်မှုကို ပိုမိုလုပ်ကိုင်ရန်လိုအပ်သကဲ့သို့ လူကုန်ကူးမှု လုပ်ကိုင်ကြရာ လမ်းကြောင်းများတစ်လျှောက်လုံးတွင် နည်းပညာပိုင်းဆိုင်ရာနှင့် အခြားလိုအပ်သော အကူအညီများကို ကူညီပံ့ပိုးသင့်သည်။ လူကုန်ကူးမှုကို ထိရောက်စွာကာကွယ်နိုင်မှုအတွက် အစိုးရအဖွဲ့အစည်း၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းကြေညာသူမီဒီယာအဖွဲ့အစည်း များအားလုံးသည် လက်တွဲလုပ်ကိုင်မှုနှင့် ချိတ်ဆက်လုပ်ကိုင်မှု လိုအပ်သည်။

"ဆရာတော်ကြီးများနှင့် အာဏာပိုင်အဖွဲ့အစည်းများသည် မိမိတို့၏အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအရ လူကုန်ကူးမှုတိုက်ဖျက်မှုလုပ်ငန်းကို အကောင်အထည်ဖော်ရန် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေရွေးချယ်ပြီး၊ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတော်၏စီမံကိန်းများသည် လူကုန်ကူးခံရသူများထံ ချက်ချင်း၊ တိုက်ရိုက်၊ အစဉ်မပြတ် လက်တွေ့ကျပြီး ထိထိရောက်ရောက် ရောက်ရှိနိုင်မှုအတွက် အရေးကြီးပြီး

စိတ်ချရသည့် ခြေလှမ်းဖြစ်ပါသည်။ (ဥရောပနိုင်ငံများ၏ ရေနာတေ -Remate- အဖွဲ့အစည်း၏ ဒုတိယအကြိမ် အစီးအဝေးသို့ ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်ပေးပို့သည့် နှုတ်ဆက် သဝဏ်လွှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့)။

၄၀။ ကက်သလစ်အသင်းတော် (သာသနာတော်) သည် သာသနာတော်အတွင်းမှ အဖွဲ့အစည်းများနှင့် အတူတကွ ထိထိရောက်ရောက် လက်တွဲလုပ်ကိုင်နိုင်ကြရန် အရေးကြီးသော ခြေလှမ်းများကို တည်ဆောက်ထားသော်လည်း ပိုမို တိုးတက်ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်ရန် လုပ်စရာများစွာ ကျန်ရှိနေသေးသည်။ သာသနာတော်အတွင်း၌ ဆရာတော်ကြီးများအဖွဲ့အစည်း၊ ဂိုဏ်းချုပ်ဂိုဏ်းအုပ်သာသနာတစ်ခုစီ၊ ကိုရင် သီလရှင် အဖွဲ့အစည်းများနှင့် သာသနာတော်အတွင်းမှ ဘာသာရေး အဖွဲ့အစည်းများသည် အတူတကွ ပိုမို ထိရောက်စွာ ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လက်ရှိစီမံကိန်းများကို ထိရောက်စွာ လုပ်ကိုင်နိုင်ပြီး၊ နည်းလမ်းသစ်များကိုလည်း ဖော်ဆောင်လုပ်ကိုင်နိုင်ပါလိမ့်မည်။ ထို့ပြင် အခြား ညီအစ်ကို ခရစ်ယာန် အသင်းတော်များ၊ အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံမှ ညီအစ်ကိုမောင်နှမများနှင့်လည်း ပူးပေါင်းလုပ်ကိုင်နိုင်ပါက လုပ်ငန်းအတွက် များစွာ အထောက်အကူပြုပါလိမ့်မည်။

"ဘာသာရေး အဖွဲ့အစည်းများသည် အပြန်အလှန်လေးစားကြလျက် အချင်းချင်းတိုင်ပင်ဆွေးနွေးမှုသည် ကောင်းကျိုးများ စွာကို သယ်ဆောင်လာပြီး၊ ထိုမှတဆင့် အချင်းချင်း မိတ်ဖွဲ့ခြင်းနှင့် နယ်မြေရွှေ့ပြောင်း လာသူတို့အား ကြိုဆိုလက်ခံခြင်း နှင့် အပယ်ခံလူတိုးစားများအား ဂရုစိုက်ခြင်း တို့ဖြင့် ဆင်းရဲသားများ၊ အပယ်ခံများ၊ သက်ရွယ်ကြီးပြင်းသူများအတွက် အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်မှုစသည်တို့တွင် နယ်ပယ်များစွာတို့တွင် အတူတကွ လက်တွဲလုပ်ကိုင်မှုများကို ဖြစ်ပေါ်စေပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် လူအချင်းချင်း တစ်ဦးကိုတစ်ဦး ဖန်ဆင်းခံ သတ္တဝါအပေါင်းတို့ကိုလည်း ဂရုစိုက်ပြည့်ရှုစောင့်ရှောက်ကြလျက် ဘဝခရီးကို လက်တွဲလမ်းလျှောက် နိုင်ကြပါလိမ့်မည်။" (ဗာတီကန် အစည်းအဝေးတော်မှ ဘာသာပေါင်းစုံ လွှတ်လပ်စွာကိုးကွယ်ကြပြီး၊ လက်တွဲလုပ်ကိုင်မှုဆိုင်ရာ ကြေညာစာတမ်းထွက်ပြီး၊ နှစ် (၅၀) မြောက် ဂျူဘီလီပွဲတော်ကျင်းပကြသည့် ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်တော်များ ရဟန်းမင်းကြီးကို လာရောက်ဖူးမျှော်တွေ့ဆုံစဉ် ရဟန်းမင်းကြီး ဖရန်စစ် အရှင်မြတ် မြွက်ကြားခဲ့သည့် မိန့်ခွန်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့)။

ထို့ပြင် ကက်သလစ်အသင်းတော်နှင့် အခြားခရစ်ယာန်အသင်းတော်များသည် လူကုန်ကူးမှု စတင်သော နေရာနှင့် လူကုန်ကူးခံပြီး လွတ်မြောက်လာသူများကို ပြန်လည်လက်ခံပြီး၊ ဒေသခံလူမှုအဖွဲ့အစည်းများတွင် နေသားတကျပြန်လည်နေထိုင်နိုင်ရန် ကူညီမှု လုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင်မှုများကို ဆောင်ရွက်သင့်ပါသည်။

၉။ လူကုန်ကူးမှုခံပြီး လွတ်မြောက်လာသူတို့ကို ထောက်ပံ့ကူညီပေးခြင်း။
(Providing Support To Human Trafficking Survivors)

၄၁။ လူကုန်ကူးမှုခံပြီး လွတ်မြောက်လာသူတို့ကို ပြန်လည်လက်ခံပြီး၊ ဒေသခံလူမှုအဖွဲ့အစည်းများတွင် နေသားတကျပြန်လည်နေထိုင်နိုင်ရန် ကူညီမှုလုပ်ငန်းသည် သူတို့ခံစားခဲ့ရသည့် (စိတ်ပိုင်းဆိုင်ရာ) ထိန့်လန့်ဖွယ်ရာ စိတ်ထိခိုက် တုန်လှုပ်ခြောက်ချားမှုများကြောင့် လွယ်ကူသည့်လုပ်ငန်းမဟုတ်ပါ။

"လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းနှင့် လူမှုကူညီကယ်ဆယ်ရေးလုပ်ငန်းလုပ်ကိုင်သူတို့သည် လူကုန်ကူးမှုခံပြီး လွတ်မြောက်လာသူတို့ကို လက်ခံကြိုဆိုမှု၊ နွေးနွေးထွေးထွေး ပြုစုမှုများကို ပြုလုပ်ပေးရသည့်ပြင် သူတို့သည် ဘဝသစ်ကို စတင်မှုအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများကိုလည်း စီစဉ်ပေးရပေမည်။" (လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ အစည်းအဝေး၌ ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့် မိန့်ခွန်း ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့)။

လူကုန်ကူးမှုခံပြီး လွတ်မြောက်လာသူတို့သည် ကာယဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဝိညာဉ်ရေးဆိုင်ရာတို့တွင် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များစွာရှိသည်။ သူတို့သည် လူကုန်ကူးမှုခံရသောကာလတွင် ခံစားခဲ့ရသည် တုန်လှုပ်ချောက်ခြားမှု၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခံစားမှုဒဏ်ရာများ နှင့် လူမှုရေးအရ ဝိုင်းပယ်ခံရမှု ဝေဒနာများမှ ကုသမှုခံယူရန် လိုအပ်ကြပါသည်။

"သူတို့သည် ဘဝတူ လူသားများဖြစ်ကြသည်။ သူတို့သည် လူတို့၏အသိုင်းအဝိုင်းတွင် ကြည်ကြည်ဖြူဖြူ လက်ခံကြိုဆိုမှုနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုတို့ကို တောင်းခံလျက်ရှိကြသည်။ သူတို့သည် အရေးတကြီးလိုအပ်သော အကူအညီကို လိုအပ်သကဲ့သို့ လူတို့၏ ကိုယ်ချင်းစာနာမှု၊ ချစ်ခင်ကြင်နာမှုနှင့် နားလည်ပေးမှုတို့ကို ပိုမို၍လိုအပ်ကြ ပါသည်။" (ရွှေ့ပြောင်းနေထိုင်သူများကို ကူညီဂရုစိုက်သူများ၏ အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့် မိန့်ခွန်း ၂၀၁၃ ခုနှစ် မေလ ၂၄ ရက်နေ့)။

ကျန်းမာရေးဝန်ထမ်းများသည် လူကုန်ကူးမှုဒဏ်၏နောက်ဆက်တွဲများဖြစ်သည့် ထူးခြားပြီး ကဏ္ဍများစွာပါဝင်သည့် အခြေအနေများကို အကဲခတ်သိရှိပြီး ကုသပေးမှုအတွက် အထူးသင်တန်းများကို တက်ထားရန် လိုအပ်ပါသည်။ လက်တွေ့ကျသော စိန်ခေါ်မှုများစွာရှိကြသည်။ လူကုန်ကူးမှုခံခဲ့ရသူတို့သည် အကျွေးဆပ်မှု၊ လုံခြုံသော နေရာထိုင်ခင်းရရှိမှု၊ လုပ်ငန်းသစ်များ ကျွမ်းကျင်စွာ လုပ်ကိုင်တတ်မှုအတွက် လေ့လာသင်ကြားမှုနှင့် သင့်တင့်မျှတသော အလုပ်အကိုင်ရရှိမှုတို့အတွက် အကူအညီလိုအပ်လျက်ရှိသည်။

လူကုန်ကူးမှုခံခဲ့ရသူတို့ကို ဂရုမစိုက်မှု၊ ဝိုင်းပယ်ခံရမှု၊ အပြစ်ပေးမှုနှင့် သူတို့အား အဓမ္မခိုင်း၍ လုပ်ကိုင်ခဲ့ရသော အောက်တန်းကျလုပ်ငန်းများကို လုပ်ကိုင်ခဲ့မှုသည် သူတို့၏အပြစ်ကြောင့် ဖြစ်ရကြောင်း အပြစ်ဖို့ခြင်းများကို ခံကြရသည်။

၄၂။ အုပ်ချုပ်ရေးဒေအာဏာပိုင်တို့သည် လူကုန်ကူးမှုကိုကာကွယ်ရန်၊ လူကုန်ကူးခံရပြီး ပြန်လာသူတို့ကို နေရာထိုင်ခင်း စီစဉ်ပေးရန်၊ သူတို့ကို လူမှုအသိုင်းအဝိုင်းတွင် နေသားတကျဖြစ်လာရန်နှင့် လူကုန်ကူးသူတို့ထံမှ ဖမ်းဆီးရယူထားသည့် ငွေကြေးများဖြင့် လူကုန်ကူးခံရပြီး ပြန်လာသူတို့ကို ထောက်ပံ့ကူညီရန် စသည့် စီမံကိန်းများနှင့် နည်းစံနစ်များကိုထားရှိပြီး၊ ယင်းတို့ကို တိုးတက်ပြီးစ ထိရောက်စွာလုပ်ကိုင်ရန် စီစဉ်ပေးသင့်သည်။

> "လူကုန်ကူးခံရပြီး ပြန်လာသူတို့သည် ရှေးဦးစွာ နေရာထိုင် ခင်း စီစဉ်ပေးရန်၊ သူတို့ကို လူမှုအသိုင်းအဝိုင်းတွင် လက်ခံပြီး နေသားတကျနေထိုင်နိုင်မှုကို လိုအပ်ကြပါသည်။ တိုင်းသူပြည်သားအားလုံးတို့သည် ဤအချက်ကို သဘောပေါက်ပြီး လိုက်နာဆောင်ရွက်ရန်လိုသည်။ သူတို့သည် နိုင်ငံတော်ဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ တရား ဥပဒေများကိုလိုက်နာလျက် လူကုန်ကူးသူများကို တရားဥပဒေအတိုင်း အရေးယူဆောင်ရွက်မှုနှင့် သူတို့ မတရားသဖြင့် ရရှိခဲ့သော ငွေများကို လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် နေရာထိုင်ခင်း စီစဉ်ပေးမှုအတွက် လွှဲပြောင်း အသုံး ပြုရန် အာမခံချက်ရှိရပေမည်။" (လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ဒုစရိုက်ဂိုဏ်းများကို ဖြိုခွင်းမှုကိစ္စတွင် ပါဝင်ကြသည့် တရားသူကြီးများ၏ အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့် မိန့်ခွန်း ၂၀၁၆ ခုနှစ် ဇွန်လ ၃ ရက်နေ့)။

လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် နေရာထိုင်ခင်းနှင့် သင့်တင့်သော အလုပ်အကိုင်များ ရရှိမှုကို ဦးစားပေးဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ လူမှုရေးလုပ်ကိုင်သူများ၊ စိတ်ပညာရှင်များ၊ စိတ်ဝေဒနာကျွမ်းကျင်သူများ၊ ရှေ့နေများ၊ ဆရာဝန်များ၊ ဆေးရုံအရေးပေါ် ဌာနမှဝန်ထမ်းများနှင့် အခြားကျွမ်းကျင်သူများနှင့် လိုအပ်သလို တွေ့ဆုံနိုင်ရန်လည်း စီစဉ်ပေးရမည်။ လူကုန်ကူးခံရပြီး ပြန်လာသူတို့ကို မှတ်မိပြီး ရှုပ်ထွေးပွေလီသည့် သူတို့၏လိုအပ်ချက်များကို ဆောင်ရွက်ပေးမှုအတွက် လိုအပ်သောသင်တန်းများကို တက်ထားရန်လိုသည်။ လူကုန်ကူးခံရပြီး ပြန်လာသူတို့သည် သူတို့ရောက်ရှိသည့်နေရာတွင် အတည်တကျနေထိုင်ရန် ဆုံးဖြတ်ကြပါက၊ သူတို့လိုအပ်သည့် လူမှုရေးအသိုင်းအဝိုင်းနှင့် တတ်ကျွမ်းသည့် လုပ်ငန်းအသိုင်းအဝိုင်းတွင် ဝင်ဆန့်နေထိုင်မှုအတွက် သင်တန်းနှင့် အစီအစဉ်များကို လိုအပ်ကြပေမည်။

> "လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် အခြေခံအကျဆုံးကူညီမှုသည် သူတို့၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိမှုအတွက် အခြေအနေများကို စီစဉ်ပေးမှုဖြစ်ပြီး၊ အထူးသဖြင့် လုပ်ငန်းများနှင့် နည်းပညာပိုင်းဆိုင်ရာ သင်တန်းများ တက်နိုင်ရန် စီစဉ်ပေးသင့်သည်။ သူတို့သည် ငယ်စဉ်ကတည်းက ပညာသင်ကြားခဲ့သော်လည်း သူတို့သည် နည်းပညာပိုင်းဆိုင်ရာ သင်တန်းတက်ခြင်းနှင့် အလုပ်လုပ်ခြင်းတို့ဖြင့် ဘက်စုံဖွံ့ဖြိုးလာရပေမည်။

(မျက်မှောက်ခေတ် နိုင်ငံတကာအစည်းအဝေးသို့ ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့သည့် ရုပ်မြင်သံကြား မိန့်ခွန်း ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့)။

လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် မိမိတို့၏ မိသားစုနှင့် ပြန်လည်ပေါင်းစည်းနေထိုင်မှုအတွက် စီစဉ်ပေးသင့်သည်။

"လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် မိမိတို့၏ မိသားစုနှင့် ပြန်လည်ပေါင်းစည်းနေထိုင်မှုအတွက် စီစဉ်ပေးမှုကို လစ်လျူရှု၍ မရပါ။" (ရွှေ့ပြောင်းနေထိုင်သူတို့ကိစ္စနှင့် ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးတွင် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် မြွက်ကြားခဲ့သည့်မိန့်ခွန်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့)။

လူကုန်ကူးခံရပြီး ပြန်လာသူတို့တွင် ပြင်းထန်သော ခံစားမှုဝေဒနာရှင်များ၊ စိတ်ချောက်ခြားမှုခံစားခဲ့ရသူ၊ စော်ကားမှုခံရသူများအတွက် အထူးဂရုစိုက်၍ပြုစုမှုလိုအပ်ပေမည်။ ထိုပြင် သူတို့အတွက် လိုအပ်သော အကူအညီများပေးရာတွင် သူတို့သည် ဘဝတူလူသားများဖြစ်သောကြောင့် သူတို့၏ လူ့ဂုဏ်သိက္ခာနှင့် ခံစားမှုတို့ကို လေးစားပြီး ပြုစုပေးရမည်။

၄၃။ လူကုန်ကူးခံရပြီး ပြန်လာသူတို့ကို ထောက်ပံ့ကူညီကြသည့် ဒေသခံအသင်းတော်၊ သီလရှင်ဂိုဏ်းများ၊ ဘာသာရေးအဖွဲ့အစည်းများကို သူတို့၏ ကြိုးပမ်းလုပ်ကိုင်မှုကို တိုးတက်စွာဆောင်ရွက်ပြီး လုပ်ငန်းကျွမ်းမျင်သူပုံစံ လုပ်ကိုင်ကြကာ၊ အချင်းချင်းလက်တွဲလုပ်ကိုင်ကြလျက် အခြားလူများကိုလည်း မိမိတို့၏တာဝန်ကို အလေးအနက်ထား၍ လုပ်ကိုင်မှုအတွက် သတိပေးကြရန် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မှ တိုက်တွန်းနိုးဆော်ထားပါသည်။

"လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် သီလရှင်ဂိုဏ်းများမှ နှစ်ပေါင်းများစွာ တိတ်တဆိတ် ကြိုးပမ်းလုပ်ကိုင်ခဲ့ကြသည့် ကြီးမားသော လုပ်ကိုင်ဆောင်ရွက်မှုများကို ကျွန်ုပ်ပြောပြလိုပါသည်။" (ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆု တောင်းရာနေ့ -၂၀၁၅- အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့ခဲ့သည့် သဝဏ်လွှာ၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့)။

"အသင်းတော်သည် လူကုန်ကူးမှု ရာဇဝတ်မှုကြောင့် ဒုက္ခရောက်သူများကို ထောက်ပံ့ကူညီမှုလိုအပ်မှုကို လူတို့သိရှိလာမှုအတွက် ကြိုးပမ်းလုပ်ကိုင်လျက်ရှိပြီး၊ အသင်းတော်သည် သူတို့နှင့်အတူ အဖော်ပြုလျက် သူတို့ကို လူမှုအသိုင်းအဝိုင်းတွင် နေသားတကျဖြစ်လာပြီး သူတို့၏လူ့ဂုဏ်သိက္ခာကို ပြန်လည်ရရှိမှုအတွက် ကြိုးပမ်းလုပ်ကိုင်လျက်ရှိပါသည်။ အသင်းတော်သည် ဒုက္ခရောက်သူတို့အတွက် ဘုရားသခင်၏ ချစ်ခင်ကြင်နာမှု လိမ်းဆေးကိုယူဆောင်လာရန် ကြိုးပမ်းယူ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ဤကဲ့သို့

ကူညီဆောင်ရွက်မှုသည် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကိုကုသပေးပြီး ပြန်လည်လန်းဆန်းသည့် ဘဝသစ်စတင်လာမှုအတွက် အဓိက လိုအပ်သည့် ခြေလှမ်းတစ်ခုဖြစ်ပါသည်။' (ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်မှ ရှင်မာတား အဖွဲ့အစည်းအတွက် မြွက်ကြားခဲ့သည့် မိန့်ခွန်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့)။

လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် အကျိုးဆောင်လုပ်ငန်းလုပ်ကိုင်နေသည့် သိုးထိမ်းလုပ်ငန်းဆောင်ရွက်နေသူတို့သည် ကက်သလစ်ဘာသာဝင်များအတွက် ကိုယ်တော်မြတ်စက္ကရမင်တူးနှင့် ကြေအေးမှု စက္ကရမင်တူးတို့မှ ရရှိနိုင်သည့် ကုသနိုင်စွမ်းရှိသည့် ယုံကြည်ခြင်းအစွမ်းတန်ခိုးကို အသိအမှတ်ပြုလျက် သူတို့၏ဝိညာဉ်ရေးဆိုင်ရာ လိုအပ်ချက်များ၏အရေးကြီးမှုကို သိရှိသင့်သည်။

"အသင်းတော်သည် လူတိုင်းလူတိုင်းကို ဘဝပြုပြင်ပြောင်းလဲမှုလမ်းကိုပြသရန် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ဤဘဝပြုပြင်ပြောင်းလဲမှုလမ်းကြောင့် ကျွန်ုပ်တို့သည် ယခင်ကအခြားလူများအပေါ်ထားရှိသည့် စိတ်ဓါတ်များကို ပြုပြင်ပြောင်းလဲပစ်ကာ၊ အခြားလူတစ်ဦးစီအား မိမိတို့လူသားမိသားစုထဲမှ ညီအစ်ကိုမောင်နှမ သဖွယ်မြင်လာပြီး၊ သူတို့၏ လူ့ဂုဏ်သိက္ခာကို မှန်မှန်ကန်ကန် လွတ်လပ်စွာ အသိအမှတ်ပြုလာရန် အထောက်အကူ ပြုလာပါလိမ့်မည်။ " (ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းရာနေ့ -၂၀၁၅ ခုနှစ် ဇန်နာဝါရီလ ၁-ရက်နေ့- အတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့ခဲ့သည့် သဝဏ်လွှာ)။

ဘာသာဝင်များသည် ဘုရားသခင်၏ချစ်ခင်ကြင်နာမှုကို မိမိတို့ဘဝဖြင့် သက်သေခံကြလျက် နေထိုင်ခြင်းအားဖြင့် သူတို့သည် လူကုန်ကူးမှုကျူးလွန်သူတို့၏ ဘဝပြုပြင်ပြောင်းလဲမှုနှင့် ပြန်လည်နေရာချထားမှုအတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်အကျိုးပြုသူများ ဖြစ်လာနိုင်ပါသည်။

"ကျွန်ုပ်တို့ ခရစ်ယာန်ဘာသာဝင်များသည် သခင်ခရစ်တော်ဘုရားရှင်၏ ရှင်ပြန်ထမြောက်ခြင်းသည် လူတို့ကို စိတ်မပျက်စေဘဲ၊ ကမ္ဘာသူကမ္ဘာသားများအတွက် စစ်မှန်သော မျှော်လင့်ချက်ကိုပေးသောအရာအဖြစ် သိရှိပြီး ယုံ ကြည်ဝန်ခံကြပါသည်။ ယင်းသည် ဂျုံစပါးစေ့၏အစွမ်းတန်ခိုးကဲ့သို့ (ယောဟန် ၁၂း ၂၄) မိမိကိုယ်ကို နှိမ့်ချလျက် မိမိကိုယ်ကို အဆုံးတိုင်အောင်း အနစ်နာခံလျက် ပေးဆပ်ခဲ့ခြင်းဖြင့် ကမ္ဘာလောကကို သစ်ဆန်းစေသည့် ချစ်ခြင်း မေတ္တာ၏အစွမ်းတန်ခိုးပင်ဖြစ်ပေသည်။ ဤအစွမ်းတန်ခိုးသည် မတရားမှုနှင့် အကြမ်းဖက်မှုများစွာတို့ဖြင့် သတ်မှတ်ခံရသည့် လူ့သမိုင်းတစ်လျှောက်လုံးတွင် ယနေ့တိုင်အောင် ဆက်လက်၍ သီးပွင့်လျက်ရှိပေသည်။ ယင်း အစွမ်းတန်ခိုသည် လူ့ဂုဏ်သိက္ခာ ပျောက်ဆုံးနေသောနေရာ၊ ဖယ်ရှားခံရသောနေရာ၊ ဝတ်မွတ်ခြင်းနှင့် အလုပ်လက်မဲ့ ဖြစ်နေသောနေရာ၊ ဝိုင်းပယ်ခံရသည့်

ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များရောက်နေသည့်နေရာ၊ မူးယစ်ဆေးဝါးစွဲလျက် ဒုက္ခရောက်နေသူများ၊ လူကုန်ကူးမှုခံရသူများနှင့် မျက်မှောက်ခေတ်ကျွန်အဖြစ် ရောင်းစားခံရသူများအတွက် မျှော်လင့်ချက်နှင့် လူ့ဂုဏ်သိက္ခာမြင့်တင်ပေးသည့် အသီးအပွင့်များကို သီးပွင့်လျက်ရှိပါသည်" (ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ်သည် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်၊ သခင်ခရစ်တော် ရှင်ပြန်ထမြောက်ရာ ပါစကားပွဲနေ့တွင် မြွက်ကြားခဲ့သည့် ဩဝါဒ)။

## ၁၀။ လူမှုအသိုင်းအဝိုင်းတွင် နေသားတကျ ပြန်လည်နေထိုင်ရန် ဝိုင်းဝန်းကူညီမှု။

၄၄။ လူကုန်ကူးခံရပြီး ပြန်လာလျက် မွေးရပ်ဌာနီသို့ ပြန်လည်ရောက်ရှိလာကြသောအခါ သူတို့ကို လူမှုအသိုင်းအဝိုင်းတွင် နေသားတကျ ပြန်လည်နေထိုင်ရန် ဝိုင်းဝန်းကူညီမှုကို လိုအပ်ကြသည်။ သို့သော် နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် ထိုသို့လုပ်ကိုင်ပေးသည့်အစီအစဉ်မှာ အလွန်ရှားပါးလှသည်။ ဤရှားပါးသော အစစီအစဉ်တို့သည်လည်း သူတို့ရင်ဆိုင်ရန်ရှိသည့် အတားအဆီး အခက်အခဲများနှင့် ပြည်တော်ပြန် အန္တရာယ်များကို ထောက်ရှုခြင်းမရှိဘဲ၊ မြန်မြန်ဆန်ဆန် မဖြစ်မနေ နေရပ်ပြန်မှုကိုသာ တိုက်တွန်းလေ့ရှိကြသည်။ လူကုန်ကူးခံရပြီး ပြန်လာသူတို့ ရောက်ရှိနေသောနေရာမှ တာဝန်ရှိသူတို့သည် သူတို့၏နိုင်ငံသို့မပြန်မချင်း သူတို့အတွက် မိမိတို့နိုင်ငံတွင် ယာယီနေထိုင်ခွင့်၊ အထူးကု စိတ်ဝေဒနာကုသသူများ၏အကူအညီရယူနိုင်မှုနှင့် အလုပ်အကိုင်ရရှိနိုင်မှုအတွက် စီစဉ်ပေးရမည့်တာဝန်ကို အလေးအနက်ထားရှိသင့်သည်။

၄၅။ လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် နိုင်ငံခြားမှပြန်လာရသည်ဖြစ်စေ၊ ပြည်တွင်း၌ပြောင်းရွှေ့နေရာချထားရသည်ဖြစ်စေ၊ သူတို့ကို အကြပ်ကိုင်မှုမပါဝင်သင့်ပါ။ ထို့ပြင် မိမိတို့၏မူလနေရပ်သို့ပြန်လိုသည့် လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် လိုအပ်သောအကူအညီကို အပြည့်အဝပေးသင့်သည်။ လူကုန်ကူးမှု ခံရသူများစွာတို့ ထွက်ခွာသွားကြသည့် ဖွံ့ဖြိုးမှုနည်းသောတိုင်းပြည်များတွင် လူကုန်ကူးမှုမဖြစ်ရန် ထိရောက်စွာတားဆီးပေးမှုနှင့် လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် ပြန်လည်နေရာချထားမှုအတွက် အစီအစဉ်များထားရှိရန် လိုအပ်သည်။ သူတို့သည် ဘေးကင်းလုံးခြုံစွာ နေရပ်ပြန်နိုင်ရေးအတွက် အာမခံချက်များထားရှိပြီး၊ နေရပ်ပြန်လာသူတို့အတွက် လိုအပ်သော အကူအညီများပေးကာ၊ နောက်တစ်ဖန် လူကုန်ကူးမှုမခံရမှုအတွက် နှင့် ယခင်လူကုန်ကူးခဲ့သူများ ထံမှ လက်စားချေမှုနှင့် အနှောင့်အယှက်ပေးမှုများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုရရှိမှုအတွက် အာမခံချက်များရှိသင့်သည်။ လူကုန်ကူးခံရပြီး ပြန်လာသူတို့နှင့် သူတို့၏မိသားစုတို့အတွက် ထောက်ပံ့ကူညီမှု အစီအစဉ်များမှ အကူအညီများကို ရသင့်သည်။ အလုပ်အကိုင်ရရှိမှုနှင့် လုပ်ငန်းဆိုင်ရာ သင်တန်းများတက်ရောက်နိုင်မှုတို့သည် သူတို့အတွက် အရေးကြီးသော လိုအပ်ချက်များဖြစ်ကြသည်။

> "မိမိတို့ယခင်နေထိုင်ခဲ့သော တိုင်းနိုင်ငံသို့ ပြန်လိုသူတို့အတွက် အသစ်တဖန်နေရာချထားမှုအစီအစဉ်တွင် လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားရန် ကျွန်ုပ်အလေးအနက်ထား၍တိုက်တွန်းလိုပါသည်။" (၁၀၄ ကြိမ်မြောက် နိုင်ငံကူးပြောင်းနေထိုင်သူတို့နှင့် ဒုက္ခသည်များနေ့ကျင်းပမှုအတွက် ရဟန်းမင်းကြီး ဖရန်စစ်အရှင်မြတ် ပေးပို့သည့် သဝဏ်လွှာ၊ ၂၀၁၈ ခုနှစ် ဇန်နာဝါရီလ ၁၄ ရက်နေ့)

ပြန်လည်နေရာချပေးမှုကို အပြည့်အဝဆောင်ရွက်ခြင်းမရှိပါက လူကုန်ကူးခံရသူတို့၏ကြောက်မက်ဖွယ်ရာ လမ်းကြောင်းသည် ဖျက်စီးပစ်ခြင်းခံရမည်မဟုတ်၊ သူတို့၏ ဒဏ်ရာဒဏ်ချက်များနှင့် ဒုက္ခဝေဒနာများသည် အတိတ် သမိုင်းကြောင်းတွင် ချန်ထားခဲ့ရမည်မဟုတ်ပါ။ လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် ကျန်းမာခြင်းပကတိကို ရရှိပြီး၊ မိမိတို့၏လူ့အခွင့်အရေးများနှင့် လူ့ဂုဏ်သိက္ခာတို့ဖြင့် နေထိုင်ရမည့် ဘဝကိုလည်း ရရှိတော့မည်မဟုတ်ပါ။

၄၆။ လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် လူမှုအသိုင်းအဝိုင်းထဲသို့ ပြန်လည်ဝင်ဆန့်နေထိုင်နိုင်ရန် စီစဉ်မှုတွင် သူတို့၏နောက်ဆုံးပန်းတိုင်ဖြစ်ပြီး သူတို့၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် သူတို့၏ဝိညာဉ်ရေးအခန်းကဏ္ဍကို အမြဲတမ်း ထည့်သွင်းရပေမည်။ လူကုန်ကူးခံရပြီး ပြန်လာသူတို့အတွက် ရက်ရောစွာ အကျိုးဆောင်ပေးနေကြသည့် ကက်သလစ်ဘာသာရေး အဖွဲ့အစည်းများနှင့် ယုံကြည်ခြင်းကို အခြေခံကြသည့် အခြားအဖွဲ့အစည်းများ၏လူမှုအသိုင်းအဝိုင်းထဲသို့ ပြန်လည်ဝင်ဆန့်နေထိုင်နိုင်ရန် စီစဉ်မှုများတွင် သူတို့၏ဝိညာဉ်ရေး (ဘာသာရေး) ဆိုင်ရာ အခန်းကဏ္ဍကို ထည့်သွင်းပေးရပေမည်။

နိဂုံးချုပ်။

၄၇။ ပုံစံအမျိုးမျိုးဖြင့် လူကုန်ကူးမှုခံနေရသူတို့၏ကံကြမ္မာအကြောင်းကို စဉ်းစားမိတိုင်း ကျွန်ုပ်သည် စိတ်မကောင်းဖြစ်မိသည်။ 'မင်းရဲ့ညီဘယ်မှာလဲ' (ကမ္ဘာဦး ၄း ၉) ဟု (ကာအိန်နအား အာဘေလအကြောင်း) မေးနေသောဘုရားသခင်၏အသံကို လူတိုင်းလူတိုင်းအား ကျွန်ုပ်ကြားစေလိုပါသည်။ ကျွန်ခံနေကြသည့် သင်၏ညီဖြစ်စေ ညီမဖြစ်စေ အဘယ်မှာနည်း။ ကျွန်ုပ်သည် ဟန်ဆောင်လျက် အခြားတစ်ဘက်သို့ လှည့်ကြည့်နေစရာမလိုပါ။ ကျွန်ုပ်တို့၏ပါဝင်ပတ်သက်နေမှုသည် ကျွန်ုပ်တို့၏ ထင်မြင်မှုထက်များစွာပိုလျက်ရှိသည်။ ဤကိစ္စတွင် လူတိုင်းပါဝင်ပတ်သက်လျက်ရှိကြသည်။

ဘုရားသခင်သည် ခြိမ်းခြောက်ခံရသူ၊ ဒဏ်ရာရရှိသူ ရောင်းစားခြင်းနှင့် လူကုန်ကူးခြင်းတို့ဖြင့် လူ့ဂုဏ်သိက္ခာကို မထီမဲ့မြင်ပြုခံရသူတို့ကို လွတ်မြောက်မှုရရှိစေပြီး၊ လူမဆန်သည့် ဆက်ဆံမှုများမှ လွတ်မြောက်လာသူတို့အား နှစ်သိမ့်မှုပေးရန် ရဟန်းမင်းကြီး အရှင်မြတ်သည် ဆုတောင်းလေ့ရှိပါသည်။ ရဟန်းမင်းကြီး အရှင်မြတ်သည် ကျွန်ုပ်တို့တစ်ဦးစီအား မျက်လုံးများကိုဖွင့်လျက် လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုကိုဆုံးရှုံးသွားကြသော သူတို့၏ ဒုက္ခအခက်အခဲများကို ကြည့်ပြီး သူတို့အကူအညီတောင်းသောအသံကို နားထောင်ကြပါဟု အသနားခံလျက်ရှိသည်။

ရဟန်းမင်းကြီး အရှင်မြတ်၏ ထပ်တစ်လဲလဲ အားပေးတိုက်တွန်းမှုကြောင့် လူကုန်ကူးမှုကို တိုက်ဖျက်မှုနှင့် ပတ်သက်သည့် အသင်းတော်၏သိုးထိန်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှု စာဆောင်သည် လူကုန်ကူးမှုကို တိုက်ဖျက်အောင်မြင်ကျော်လွှားနိုင်ရေးအတွက် အရေးတကြီး အလျင်အမြန် ပန်းတိုင်သို့ ရောက်ရှိမှုအတွက် ရည်ရွယ်ထားသည့် စီမံကိန်းရေးဆွဲမှု၊ အကောင်အထည်ဖော်မှု၊ လုပ်ငန်းများလုပ်ကိုင်မှုနှင့် စီမံကိန်းအကောင်အထည် ဖော်မှုအပေါ် ဝေဖန်သုန်သင်ကြည့်ရှုမှုအားလုံးအတွက် လုပ်ကိုင်မှုဘောင်အတွင်းမှလမ်းညွှန်မှုပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ လူကုန်ကူးမှုကို တိုက်ဖျက်မှုတွင် လတ်တစ်လောရည်ရွယ်ထားသောအရာမှာ လူကုန်ကူးမှုခံရသူတို့ကို လွတ်မြောက်လာစေပြီး ပြန်လည်နေရာချထားမှုဖြစ်သော်လည်း၊ အဓိကပန်းတိုင်မှာ ဆိုးရွားပြီး ဒုစရိုက်လုပ်ငန်းဖြစ်သည့် လူကုန်ကူးမှုမှ လိမ်လည်လှည့်ဖျားမှု၊ ထောင်ချောက်ထောင်မှု၊ နိုင်ထက်စီးနင်းပြုလုပ်မှုနှင့် ခေါင်းပုံဖြတ်မှုတို့ကို ဖြိုဖျက်ပြီး အမြစ်ပါမကျန် ဖျက်စီးမှုပင်ဖြစ်ပေသည်။ ဤမျှကြီးမားသောလုပ်ငန်းကိုလုပ်ကိုင်ရာတွင် ရဲစွမ်းသတ္တိ၊ စိတ်ရှည်မှုနှင့် ဇွဲရှိရှိ စွဲစွဲမြဲမြဲ လုပ်ကိုင်မှုလိုအပ်ပြီး၊ တစ်ကမ္ဘာလုံး ဆိုင်ရာ နိုင်ငံတော်များမှ လူမှုအဖွဲ့အစည်း အလွှာအသီးသီးမှလူများ ပူးပေါင်းပါဝင်လုပ်ကိုင်မှုလိုအပ်ပါသည်။ အသင်းတော်နှင့် ဘာသာရေးအဖွဲ့အစည်းများသည် ဤလုပ်ငန်းတွင် မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍမှ ပါဝင်ကူညီပေးသင့်သည်။

## ဆုတောင်းမေတ္တာ။

ကောင်းကင်ဘုံရှင်အဖဘုရားသခင်၊ သူတော်စင်မ စိန့်ဂျိုစပင်း ဘာကီတာ၏
ဆွဲဆောင်မှုရှိသည့် ဘဝစံနမူနာကောင်းအတွက် ကိုယ်တော်ကို ကျေးဇူးတင်ချီးမွမ်းကြပါသည်။

အို သူတော်စင်မ စိန့်ဂျိုစပင်း ဘာကီတာ၊ သင်သည် ကလေးဘဝကပင် ကျွန်အဖြစ်ရောင်းစားခံခဲ့ရပြီး၊
တစ်ဦးကရောင်းစားလိုက် တစ်ဦးကပြန်ဝယ်လိုက်နှင့် ရက်စက်စွာ ပြုမူဆက်ဆံမှုကိုခံခဲ့ပေသည်။
လူကုန်ကူးခံရပြီး၊ ကျွန်ခံနေရသူတို့အတွက် ကြားဝင်ဆုတောင်းပေးရန် ကျွန်ုပ်တို့ အသနားခံကြပါသည်။
သူတို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြသူတို့သည် သူတို့ကို လွတ်မြောက်သွားစေကြပြီး၊
ဤမနှစ်မြို့ဖွယ်လုပ်ငန်းသည် ကမ္ဘာမြေကြီး မျက်နှာပြင်မှ လုံးဝပျောက်ကွယ်သွားပါစေ။

အို သူတော်စင်မ စိန့်ဂျိုစပင်း ဘာကီတာ၊ သင်သည် လွတ်လပ်မှုကို ပြန်လည်ရရှိလာသောအခါ
သင်ခံစားခဲ့ရသော ဒုက္ခဝေဒနာများသည် သင်၏အနာဂတ်ဘဝကို မလွှမ်းမိုးစေဘဲ၊
သင်သည် ကြင်နာမှုနှင့် ရက်ရောမှုလမ်းကို ရွေးချယ်ခဲ့ပေသည်။
မိမိတို့၏ညီအစ်ကိုမောင်နှမများ၏ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို နင်းချေပစ်ကြသည့်
လောဘစိတ်နှင့် တဏှာယာဂစိတ်တို့ကြောင့် မျက်စိကန်းနေကြသောသူတို့ကို ကူညီတော်မူပါ။
သူတို့၏အမုန်းစိတ်နှောင်ကြိုးများကို ချိုးဖျက်ပြီး၊ ကိုယ်တော်ရှင်၏ ကြင်နာမှုနှင့် ရက်ရောမှုတို့ကို
အတုယူလျက် လူသားဆန်ဆန် ပြောဆိုပြုမူနိုင်ရန် ကူညီတော်မူပါ။

ချစ်စွာသော သူတော်စင်မ စိန့်ဂျိုစပင်း ဘာကီတာ၊ သင်၏လွတ်လပ်မှုသည်
သင့်အား သခင်ခရစ်တော်နှင့် အသင်းတော်ထံ ဆွဲဆောင်လျက်ရှိခဲ့ပါသည်။
ထိုနောက် ဘုရားသခင်သည် သင့်အား ကာနိုးရှင်းသီလရှင်ဂိုဏ်းတွင်
သီလရှင်ဘဝဖြင့်နေထိုင်ရန် ဖိတ်ခေါ်တော်မူခဲ့သည်။
သင်သည်သင်၏သီလရှင်းဘဝ၌ ရက်ရောစွာကူညီမှု၊ ချစ်ခင်ကြင်နာမှု၊
ဝမ်းမြောက်ရွှင်လန်းစွာ ချိုချိုသာသာပြောဆိုဆက်ဆံမှုတို့ကို ကျင့်သုံးနေထိုင်ခဲ့သည်။

အိုမေတ္တာတော်ရှင်အဘဘုရားသခင် ဒုက္ခများမြောင်သည့် ဤလောကထဲသို့
ကိုယ်တော်၏ ချစ်ခင်ကြင်နာမှုအလင်းကို သွန်းလောင်းတော်မူပါ။
ထိုအလင်းတော်သည် အမှောင် လွှမ်းမိုးသည့် လောင်းရိပ်များကို လွှမ်းမိုးပါစေ။

လူ့အခွင့်အရေးကို ချိုးဖောက်ကြသည့် ဒုစရိုက်သားများလက်ထဲတွင် ဒုက္ခခံနေကြသည့်
အပြစ်မရှိသည့် ကိုယ်တော်၏သားသမီးများထံ ကယ်တင်ခြင်းချမ်းသာကို ယူဆောင်လာတော်မူပါ။
သူတို့ကိုချုပ်နှောင်ထားပြီး၊ ခေါင်းပုံဖြတ်နေကြသည့် ပျောက်ဆုံးနေသော ဝိညာဉ်များကို
စိတ်ပြောင်းလဲပြီး ကိုယ်တော်ထံပြန်လာစေတော်မူပါ။
ကျွန်ုပ်တို့အားလုံးကို စစ်မှန်သော လွတ်လပ်မှု၌ ကိုယ်တော်ကိုချစ်လျက် လူအချင်းချင်းနှင့်
ကျွန်ုပတို့၏နေအိမ်ဖြစ်သည့် ကမ္ဘာမြေကြီးကို ချစ်ခင်မှု၌ ရှင်သန်ကြီးထွားရန်
ခွန်အား ကျေးဇူးတော်ကို ပေးသနားတော်မူပါ။

အာမင်။

စိန့်ဂျိုစပင်း ဘာကီတာ (၁၈၆၉-၁၉၄၇)

စိန့်ဂျိုစပင်း ဘာကီတာသည်
အာဖရိကတိုက် ဆူဒန်နိုင်ငံတွင် မွေးဖွားခဲ့သည်။
သူမသည် ငယ်စဉ်က ကျွန်အဖြစ်ရောင်းစားခံခဲ့ရသည်။
ကျွန်ဘဝမှလွတ်မြောက်လာသောအခါ သီလရှင်ဂိုဏ်းသို့ဝင်ကာ
သီလရှင်အဖြစ်နေထိုင်ခဲ့သည်။

သူမ၏ပွဲတော်ကို ဖေဖော်ဝါရီလ -၈-ရက်နေ့တွင်ကျင်းပသည်။

MIGRANTS
REFUGEES

MIGRANTS & REFUGEES SECTION
INTEGRAL HUMAN DEVELOPMENT
PALAZZO SAN CALISTO
00120 VATICAN CITY